# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 13 August 2025 ၁၁၉၀၈


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အစည်းအဝေးကျင်းပ

# ရွေးကောက်ပွဲကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပြီး နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ပေးရမည် နိုင်ငံရေးလမ်းကြောင်းဖြောင့်ဖြူးအောင် လုပ်ဆောင်ရမည်

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


ယနေ့ ဖတ်စရာ

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၅

နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ » ၇

နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၀၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

စာမျက်နှာ » ၁၁

ကြေးမုံ

# မြန်မာ့အားကစားယှဉ်ပြိုင်မှုစွမ်းပကား နိုင်ငံတကာအလယ် နိုင်ငံ့ဂုဏ်တင့်တယ်

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါအားကစားပြိုင်ပွဲမကျင်းပမီ လက်ရှိကာလ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော ပြည်တွင်း/ပြည်ပ အားကစားပြိုင်ပွဲများမှ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ရေကုန်ရေခန်း အနိုင်မခံအရှုံးမပေး ယှဉ်ပြိုင်နေမှုများသည် နိုင်ငံတကာအလယ်၌ မြန်မာအားကစားစွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ကိုတင့်တယ်စေမည့် အလားအလာကောင်းများအဖြစ် မြင်တွေ့နေရသည်။

ပြည်တွင်း၌ ကျင်းပလျက်ရှိသည့် ဖူဆယ်လိဂ်ပြိုင်ပွဲများ၊ MNL ပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲများ၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲများ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပြိုင်ပွဲများနှင့် ၂၀၂၆ ခုနှစ် အာရှဖလား ယူ-၁၇ အမျိုးသားဘောလုံးပြိုင်ပွဲများနှင့်ပတ်သက်၍ မြန်မာအားကစားသမားများ၏ ယှဉ်ပြိုင်နေမှုစွမ်းပကားများနှင့် အလားအလာကောင်းများသည် မြန်မာအားကစားလောကအတွက်သာမက အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ အာရှအားကစားပြိုင်ပွဲများအထိ အောင်မြင်စွာတက်လှမ်းနိုင်မည့် လက်ရည်၊ ခြေရည်များကို မြင်တွေ့နေရသည်။

၂၀၂၅ ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ခြေစစ်ပြိုင်ပွဲများတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် တီမောအသင်းကို သုံးဂိုးပြတ်ဖြင့် နှစ်ပွဲဆက်အနိုင်ရလဒ်ကြောင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အခြေအနေကောင်းသော်လည်း ဖိလစ်ပိုင်အသင်း၏ရှုံးပွဲကြောင့် နောက်ဆုံးတွင် အနိမ့်ဆုံးသရေကစားရမည်ဖြစ်ပြီး လက်ရှိတွင် မြန်မာအသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ဆီမီးဖိုင်နယ်တွင် အနိုင်ရလဒ်ကောင်းရရှိနိုင်သည်။ ပြည်တွင်း၌ကျင်းပသည့် ၂၀၂၆ ခုနှစ် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်းသည် မထင်မှတ်ဘဲ အိန္ဒိယအသင်းကို ရှုံးနိမ့်သွားခဲ့ပြီး ခြေစစ်ပွဲအပြီးတွင် အိန္ဒိယအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက ငါးမှတ်နှင့် မြန်မာအသင်းက လေးမှတ်ရရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေ မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းသည် နိုင်ငံတကာလက်ရွေးစင်အသင်းများနှင့် ရေကုန်ရေခန်း အကြိတ်အနယ်ယှဉ်ပြိုင်နိုင်ခဲ့ပြီး မြန်မာအမျိုးသမီးဘောလုံးအသင်း၏ ခြေစွမ်းခြေစများမှာ အားတက်ဂုဏ်ယူဖွယ်ရလဒ်ကောင်းပေါ်ထွက်ခဲ့သည်။ လက်ရှိကာလ မြန်မာဘောလုံးလောက၌ အမျိုးသားဘောလုံးအသင်းထက် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းများအနေဖြင့် အလားအလာကောင်းများရှိနေသည်။ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ ခုနှစ် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် မြန်မာအမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး MNL လူငယ်လိဂ်ပြိုင်ပွဲအတွေ့အကြုံများအရ မြန်မာလူငယ် အမျိုးသားဘောလုံးအသင်းသည် အခြေအနေကောင်းများ ရရှိနိုင်သည်။

ခြေစစ်ပွဲကို နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအုပ်စုအရ မြန်မာအသင်းသည် အိုမန်၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်သဖြင့် ခြေစစ်ပွဲအတွက် ရှန်းကန်ရဖွယ်ရှိသည်။ အာရှဖလား ယူ-၁၇ ပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအလိုက်အသင်း စုစုပေါင်း ၃၈ သင်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ထို့ပြင် နာမည်ကြီးကလပ်ဘာစီလိုနာ ယူ-၁၂ အသင်းအပါအဝင် နိုင်ငံအလိုက် အသင်းပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်မည့် ဂျပန်ဖိတ်ခေါ် ယူ-၁၂ ဂျူနီယာကမ္ဘာ့အားကစားချန်ပီယံရှစ် ၂၀၂၅ ပြိုင်ပွဲကို ယခု ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဂျပန်နိုင်ငံ ချီဘားရှိ ဖူကူဒါဒန်ရှိကွင်း၌ ကျင်းပမည်ဖြစ်ရာ မြန်မာ ယူ-၁၂ လူငယ်လေးများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ကစားသမားများ နိုင်ငံတကာပြိုင်ပွဲများ၌ အတွေ့အကြုံများရရှိစေရန် ၂၀၂၃ ခုနှစ်မှစတင်၍ အဆိုပါပြိုင်ပွဲတွင် မြန်မာလူငယ်လေးများကို ပါဝင်ယှဉ်ပြိုင်စေလျက်ရှိသည်။ ယင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၂ အသင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ကစားသမားလေးများ၊ အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)နှင့် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တို့မှ ကစားသမား ၁၈ ဦးဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါပြိုင်ပွဲအပြီးတွင် ဂျပန်နိုင်ငံ၏ အထင်အကရနေရာများသို့ သွားရောက်လေ့လာခြင်း၊ ဂျေလိဂ်ဘောလုံးပြိုင်ပွဲ ကြည့်ရှုခြင်းအစီအစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လက်ရွေးစင်အားကစားသမားများအနေဖြင့် နိုင်ငံတော်က အားပေးမြှင့်တင်မှု၊ ပင်ကိုခြေစွမ်းခြေစများနှင့် နိုင်ငံတကာအတွေ့အကြုံများအရ အနာဂတ်တွင် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ကို သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါက်တာဥမ္မာစံ ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ ဆရာမတွေကို အဓိကထားခြိမ်းခြောက် သတ်ဖြတ်နေတဲ့ တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

■

## ၁၂- ၈ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၁၀၀ | ၁၂၂ | ၈၅၄,၆၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၂,၉၅၁ | ၉,၂၈၄,၆၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၁ | ၁,၉၀၀ |
| TMH | ၂,၆၀၀ | ၂,၅၅၀ | ၁,၅၂၅ | ၃,၉၀၁,၂၅၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၇၁၁ | ၁,၁၃၈,၁၀၀ |
| AMATA | ၃,၁၅၀ | ၃,၄၀၀ | ၈၅ | ၂၆၉,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၁၀၀ | ၃၂၂,၅၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၆၀၀ | ၁,၇၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့် လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့

☆ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ ထွက်ပေါ်လာသည့် အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးရေးပင်ဖြစ်

☆ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး မဲစာရင်းများ မှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် ပါဝင်သည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းကိုလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးသန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီက နိုင်ငံတော်ကာကွယ် ရေး၊ လုံခြုံရေးနှင့် အေးချမ်း သာယာရေး၊ **ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့ အတွက် လိုအပ်သည့် လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲ ကျင်းပပြီးစီးချိန် တွင်လွှတ်တော်ခေါ်ယူ၍ထွက်ပေါ် လာသည့် အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင် နိုင်အောင် ဆောင်ရွက်ပေးရေး ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေး သွားရမည်ဖြစ်ပြီး မဲစာရင်းများ မှန်ကန်မှုရှိစေရေး ကြိုတင် ပြင်ဆင်ခြင်း လုပ်ငန်းများတွင် ပါဝင်သည့် ၂၀၂၄ ခုနှစ် သန်းခေါင် စာရင်း ကောက်ယူခြင်းကိုလည်း အတိုင်းအတာ တစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင် ခဲ့ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ရွေးကောက်ပွဲကော်မရှင် ကို အသစ်ပြန်လည်ဖွဲ့စည်း ဆောင်ရွက်သကဲ့သို့ မဲဆန္ဒနယ် များအလိုက် အချက်အလက်များ ကောက်ယူခြင်းနှင့် နယ်မြေများ အလိုက် လုံခြုံရေးဆိုင်ရာ အချက် အလက်များ ရယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ပွဲ ကျင်းပပြုလုပ် ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန် ဖြစ်ကြောင်း၊ လွှတ်တော်မှနေ၍ သမ္မတ၊ ဒုတိယ သမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့ အစည်းများ၊ သမ္မတမှ တာဝန် ပေးအပ်သည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့ တာဝန်ပေးအပ်နိုင်အောင် ဆောင် ရွက်ရခြင်း ဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီး ကြောင်း။

ရွေးကောက်ပွဲဥပဒေတွင် ဆန္ဒ မဲပေးသူ မည်သည့်ရာခိုင်နှုန်းရှိမှ ရွေးကောက်ပွဲ အောင်မြင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိ ကြောင်း၊ အခြားနိုင်ငံများတွင် လည်း ထိုသို့သတ်မှတ်ထားခြင်း မရှိဟု လေ့လာသိရှိရကြောင်း၊ ၅၀ ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲပေး နိုင်မည်ဆိုပါက လူထုအများစု၏ ဆန္ဒပါဝင်သည်ဟု သတ်မှတ်နိုင် မည်ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင် ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ ရွေးကောက်ပွဲ ကျင်းပရာတွင် ၅၀ ရာခိုင်နှုန်း အောက် မဲပေးခဲ့သည့် နိုင်ငံများ လည်းရှိသကဲ့သို့ အများစုမှာ ၅၀ ရာခိုင်နှုန်းအထက် ဆန္ဒမဲပေးကြ သည်ကိုလေ့လာတွေ့ရှိရကြောင်း။

လွှတ်တော် အစည်းအဝေး အထမြောက်ရန်အတွက် လိုအပ် သည့် ကိုယ်စားလှယ်များရရှိရေး နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ(၈၅)တွင် ပထမဆုံး လွှတ်တော် အစည်းအဝေးကျင်းပ ရာ၌ လွှတ်တော်တက်ရောက်ခွင့် ရှိသူ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေး အထမြောက်မည် ဟု ဖော်ပြပါရှိကြောင်း၊ အထမ မြောက်ပါက ဒုတိယအကြိမ် အစည်းအဝေး၌ လွှတ်တော် တက်ရောက်ခွင့်ရှိသူ ကိုယ်စား လှယ်များအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်ပါက ဒုတိယအကြိမ် အစည်းအဝေး အထမြောက်သည်ဟု ဖော်ပြပါရှိ ကြောင်း၊ ထို့ကြောင့် လွှတ်တော် အစည်းအဝေး ကျင်းပချိန်တွင် အနည်းဆုံး လွှတ်တော်ကိုယ်စား လှယ် ၅၀ ရာခိုင်နှုန်း တက်ရောက် နိုင်ရေး မိမိတို့အနေဖြင့် ရွေးကောက်ပွဲ ဆောင်ရွက်နိုင် သည့် မြို့နယ်များအားလုံး၌ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ရည်မှန်း ဆောင်ရွက်လျက်ရှိ ကြောင်း၊ မဲပေးခွင့်ရှိသူ ပြည်သူ များအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ် သကဲ့သို့ သဘာဝဘေးအန္တရာယ် ကြောင့် ရွှေ့ပြောင်းနေထိုင်နေရ သည့် မဲဆန္ဒရှင်များလည်း ကြိုတင်မဲများဖြင့် ဆန္ဒမဲများ ပေးအပ်နိုင်ရေး ဆောင်ရွက်ပေး သွားမည်ဖြစ်ပြီး ဘေးအန္တရာယ် ကင်းရှင်းသည့်နေရာတွင် ရောက် ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသူများ အားလုံး မဲပေးခွင့်များမဆုံးရှုံး အောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ရွေးကောက်ပွဲ ကျင်းပချိန်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေး ပါတီများကိုလည်း မဲစည်းရုံးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အတွက် စီစဉ်ဆောင်ရွက်ပေးရ မည်ဖြစ်ကြောင်း၊ ပါတီရုံးဖွင့်ခွင့် များရရှိရေး၊ ပါတီဝင်ခွင့်ရှိသူများ ပါတီဝင်ခွင့်ရရှိရေး ဆောင်ရွက် ပေးရန်လိုသကဲ့သို့ ပါတီနှစ်ပါတီ၊ သုံးပါတီထပ်၍ ပါတီဝင်များ ဖောင်းပွမှုမရှိစေရေး အတွက် လည်း သက်ဆိုင်ရာအဖွဲ့အစည်း များက စိစစ်ကြပ်မတ်သွားရန်လို ကြောင်း။

လွှတ်တော် ကိုယ်စားလှယ် လောင်းအရည်အချင်းသတ်မှတ် ချက်များနှင့် ပတ်သက်၍လည်း စနစ်တကျ စိစစ်ကြပ်မတ်ဆောင် ရွက်သွားရန်လိုကြောင်း၊ ကိုယ်စား လှယ်လောင်းများ အနေဖြင့် မဲဆွယ်စည်းရုံးခြင်းများ ဆောင် ရွက်ချိန်တွင် ၎င်းတို့၏ လုံခြုံရေး အတွက် မိမိတို့အနေဖြင့် စီစဉ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း သက်ဆိုင်ရာမြို့နယ်များ အလိုက် ဆန္ဒမဲပေးနိုင်ရေး လုံခြုံ ရေးအရ အာမခံချက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲ ဖြစ်မြောက်မှု မရှိစေရေး ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့ အစည်းများလည်း ရှိနိုင်မည်ဖြစ် ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်မှုမရှိ စေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင် လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေ ဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် အပေါ် ထောက်ခံအားပေးသည့်၊ အပြုသဘောဆောင်သည့် နိုင်ငံ များရှိသကဲ့သို့ ရွေးကောက်ပွဲ အပေါ် စောဒကတက်သည့်နိုင်ငံ များလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ တစ်ရပ်ဖြစ်စေရေး၊ မသမာမှု ကင်းရှင်းသည့် ရွေးကောက်ပွဲ ဖြစ်စေရေး ဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း၊ မဲမသမာမှု မရှိစေရေးအတွက်လည်း မြန်မာ အီလက်ထရောနစ် မဲပေးစက်များ ကို ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ထားခြင်း ဖြစ်ပြီး မည်ကဲ့သို့သော မသမာမှုမျိုးမျှ ဆောင်ရွက်နိုင်မည် မဟုတ် ကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေ ဖြင့် မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာ ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့် ကာကွယ်ပေးမှုများ ကိုလည်း ဆောင်ရွက်ပေးသွားရ မည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ လူထုတို့အား ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်နေမှုများနှင့်ပတ်သက် ၍လည်း ရွေးကောက်ပွဲကာလ တွင် ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် ထိရောက်သည့် ဟန့်တား ကာကွယ်မှုများ ဆောင်ရွက်သွား ရန်လိုအပ်မည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်ကျူးလွန်သူ များကိုလည်း ဝိုင်းဝန်းပူးပေါင်း ဖော်ထုတ်ရမည်ဖြစ်ပြီး တရားစီရင် ရေး ကဏ္ဍအနေဖြင့်လည်း အမြန်ဆုံး တရားစီရင်နိုင်ရန်လို အပ်မည်ဖြစ်ကြောင်း၊ သာမန် အမှုအခင်းမျိုးမဟုတ်ဘဲ နိုင်ငံ့ ဝန်ထမ်းများ၊ ပြည်သူလူထုများ၏ လုံခြုံရေးကို ထိခိုက်စေမည့် ကျူးလွန်မှုဖြစ်သဖြင့် ထိရောက် သည့် တရားစီရင်မှုများဖြင့် အမြန်ဆုံး တရားစီရင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ကျောင်းများ ဖွင့်လှစ်သင်ကြား ပေးနိုင်မှုနှင့်ပတ်သက်၍ လက်ရှိ အချိန်အထိ စာရင်းများအရ တစ်နိုင်ငံလုံးတွင် လက်ရှိကျောင်း တက်ရောက်နေသူဦးရေ ၇ သန်း ကျော်ခန့်ရှိသည်ဟု သိရှိရ ကြောင်း၊ ယခင်နှစ်က ဖွင့်လှစ် သင်ကြားခဲ့သည့် စာသင်ကျောင်း များအနက် ယခုနှစ်တွင် မဖွင့်လှစ် နိုင်သည့် ကျောင်းများရှိသကဲ့သို့ ယခင်နှစ်တွင် ဖွင့်လှစ်နိုင်မှုမရှိ ခဲ့သည့် ကျောင်းများအနေဖြင့် ယခုနှစ်တွင် ဖွင့်လှစ်နိုင်သည် များလည်းရှိကြောင်း၊ မိမိတို့အနေ ဖြင့် လက်ရှိဖွင့်လှစ်သင်ကြားနေ သည့် ကျောင်းများအား သဘာဝ ဘေးအန္တရာယ်ကြောင့် မဖြစ်မနေ ပိတ်ရသည်မှအပ ကျောင်းပိတ်ရ ခြင်းများမရှိစေရေး အလေးထား အားပေး ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဟူသည့် အတိုင်း ပညာရေးသည် နိုင်ငံ အတွက် အလွန်အရေးကြီး ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ၂၀၂၄-၂၀၂၅ ခုနှစ် ၊ ၂၀၂၅-၂၀၂၆ ခုနှစ် စာရင်းဇယားများကို ကြည့်ရှု ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် များအားလုံးအနေဖြင့် ကျောင်း တက်ရောက်သူဦးရေ မပြည့်မီခြင်း၊ တန်းစဉ်ကူးပြောင်းမှု အားနည်း ခြင်းများကို တွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ ဝန်ကြီး ဌာနအနေဖြင့် ပညာရေးအားနည်း လာမှုအပေါ် သုတေသနပြုလုပ် အဖြေရှာသွားရန် လိုအပ်မည်ဖြစ် ကြောင်း၊ မိမိတို့ကော်မရှင်အနေ ဖြင့်လည်း ပညာရေးအားကောင်း လာစေရန် အထူးအလေးပေး ဆောင်ရွက်သွားရန် လိုအပ်မည်ဟု ပြောကြားလိုကြောင်း။

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ လတ်တလော ကာလအတွင်း နယ်စပ်ဒေသများတွင် တရားမဝင် ကုန်သွယ်မှုများ ဖမ်းဆီးရမိမှု များရှိကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကို တိုက်ဖျက် တားဆီးခြင်းဖြင့် တရားဥပဒေ စိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည် ဖြစ်သကဲ့သို့ လက်နက်ကိုင် အကြမ်းဖက်မှုများ ကိုလည်း လျော့ကျလာစေနိုင်မည် ဖြစ် ကြောင်း၊ နယ်စပ်ဒေသများရှိ လက်နက်ကိုင် အကြမ်းဖက် သမားများအနေဖြင့် တရားမဝင် ကုန်သွယ်မှုများမှ ကောက်ခံရရှိနေ သည့် ဆက်ကြေးများဖြင့် ၎င်းတို့ အင်အားကို ပိုမိုတည်ဆောက်လာ မည်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ် ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တရားမဝင် ကုန်သွယ်မှုများကို ထိထိရောက်ရောက် တိုက်ဖျက် ခြင်းဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ဖော် ဆောင်ရမည်ဖြစ်ကြောင်း၊ တရား မဝင်ကုန်သွယ်မှု ဆောင်ရွက်နေမှု များကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများ အနေဖြင့်လည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက် သွားရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း ကို ပြန်ကြည့်မည်ဆိုပါကလည်း တရားမဝင် ကုန်သွယ်မှုလမ်း ကြောင်းများကြောင့် နိုင်ငံတော် ၏ စီးပွားရေးပျက်ခဲ့ရသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ရှိ အဖိုးတန်သယံဇာတ များကိုမှောင်ခိုလမ်းကြောင်းများမှ ခိုးထုတ်ပြီး တရားမဝင်ကုန်စည် များကို ခိုးသွင်းခြင်းများ ဆောင် ရွက်ခဲ့ကြသဖြင့် စီးပွားရေး အားကောင်းလာမှုမရှိခြင်းဖြစ် ကြောင်း၊ **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဟူ သည့် ဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်မှု ရှိမှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း အစဉ် အားကောင်းနေနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မရှင်အတွင်း ရေးမှူး တွဲဖက်အမှုဆောင်ချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် မြို့နယ်များ၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲအား အပိုင်းလိုက်ကျင်းပနိုင် မည့် အခြေအနေသုံးသပ်ချက်၊ မြန်မာအီလက်ထရောနစ် မဲပေး စက်(MEVM)များ ဖြန့်ခွဲအသုံးပြု နိုင်မှု၊ လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် အခြေအနေများ နှင့်ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က **စာမျက်နှာ ၄ သို့** ☆

**☆ လွှတ်တော်အစည်းအဝေးကျင်းပချိန်တွင် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်း တက်ရောက်နိုင်ရေး မိမိတို့အနေဖြင့် ရွေးကောက်ပွဲဆောင်ရွက်နိုင်သည့် မြို့နယ်များအားလုံး၌ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိ**

**☆ မဲပေးခွင့်ရှိသူ ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် မဲဆန္ဒရှင်များလည်း ကြိုတင်မဲများဖြင့် ဆန္ဒမဲများပေးအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးခွင့်များ မဆုံးရှုံးအောင် ဆောင်ရွက်ပေးသွားမည်**

☆ စာမျက်နှာ ၃ မှ

နှစ်အလိုက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ နှိုင်းယှဉ်ချက်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က တိုင်းစစ်ဌာနချုပ်များနှင့် နယ်မြေအလိုက် စစ်ဆင်ရေးနှင့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ မြို့နယ်များအလိုက် ရွေးကောက်ပွဲများ ပိုမိုတိုးချဲ့ကျင်းပနိုင်ရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပမဲဆန္ဒရှင်များအတွက် ကြိုတင်မဲပေးနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်ချက်များအရ ကုလသမဂ္ဂအဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် ကြိုတင်မဲပေးခွင့် ပြဋ္ဌာန်းချက်မရှိသည့်နိုင်ငံ ၁၂၃ နိုင်ငံရှိပြီး နိုင်ငံပေါင်း ၇၀ တွင် ကြိုတင်မဲပေးခြင်းစနစ် လက်ခံကျင့်သုံးလျက်ရှိမှု၊ ထိုနိုင်ငံ ၇၀ အနက် ၅၄ နိုင်ငံတွင် ပြည်တွင်းနှင့် ပြည်ပ ကြိုတင်မဲနှစ်မျိုးလုံးခွင့်ပြုပြီး ၁၆ နိုင်ငံတွင် ပြည်တွင်း ကြိုတင်မဲသာ ခွင့်ပြုထားမှု၊ ထိုသို့ကြိုတင်မဲပေးခွင့်ပြုရာတွင်လည်း နိုင်ငံ ၁၅ နိုင်ငံကသာ မဲဆန္ဒရှင်များအားလုံးကို လွတ်လပ်စွာ ကြိုတင်မဲပေးခွင့်ပြုထားပြီး ကျန်နိုင်ငံ ၅၅ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ရှိသူ မဲဆန္ဒရှင်အမျိုးအစားများကို သီးခြားသတ်မှတ်ထားမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၊ EAO များ၏ လှုပ်ရှားမှုများ၊ တပ်မတော်အနေဖြင့် စစ်ဆင်ရေးနှင့် လုံခြုံရေးဆိုင်ရာများတွင် တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်နိုင်မှုများ၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်မှောင်ခိုလုပ်ငန်းများ၊ တရားမဝင်လုပ်ငန်းများ နှိမ်နင်းရေးဆောင်ရွက်မှုများကို တပ်မတော်နှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အထွေထွေဆွေးနွေး**

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အစိုးရအဖွဲ့ဝန်ကြီးဌာနများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ပညာရည်မြှင့်တင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ ပို့ဆောင်နေမှုအခြေအနေများ၊ ရွေးကောက်ပွဲ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ အသုံးပြုမှုနှင့် ပတ်သက်၍ ပြည်သူများသိရှိနားလည်စေရေး မီဒီယာများမှ အသိပညာပေးလျက်ရှိမှု၊ ဆန္ဒမဲပေးခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲပေးကြစေရေး၊ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပ ဆောင်ရွက်နိုင်မှသာ ပြည်သူများ လိုလားတောင့်တလျက်ရှိသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်မည့် အခြေအနေများအား အများပြည်သူသိရှိအောင် ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်မှာကြား**

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲ ကျင်းပနိုင်မည့် မြို့နယ်များ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်ရမည့် စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲအား အပိုင်းလိုက် ကျင်းပပြုလုပ်သွားမည့် အခြေအနေများနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံရေးပါတီများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ ပါတီရုံးများလုံခြုံရေး၊ ရပ်ကွက်အလိုက် လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ အရည်အချင်းရှိသည့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်စေရေး ဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မီဒီယာများမှ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပညာပေးမှုများ ဆောင်ရွက်သွားရမည့် အခြေအနေများ၊ ဒီမိုကရေစီစနစ်ကို လိုလားသူများအနေဖြင့် ရွေးကောက်ပွဲဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အားပေးထောက်ခံမှုများကို မြှင့်တင် ဆောင်ရွက်ပေးသွားရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲ အောင်မြင်မှုမရှိစေရေး အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ ထိုးနှက်မှုများကိုလည်း လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစားမှု စသည်တို့ဖြင့် တစ်ဖက်လှည့် ထိုးနှက်မှုများ လုပ်ဆောင်လာနိုင်ပြီး နိုင်ငံ၏ လုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သည့် အသွင်ဖြင့် ပုံဖော်လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုထက်ပိုမို၍ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့်ပတ်သက်၍လည်း ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ရန်လိုကြောင်း၊ ပိုက်စိပ်တိုက်သတင်းရယူဖော်ထုတ်၍ တရားဥပဒေနှင့်အညီ နှိမ်နင်းသွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မြေပြင်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများနှင့် အတူတကွ ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ် အရေးယူသွားရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ အွန်လိုင်း ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေး၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတို့နှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အလေးထား ကိုင်တွယ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့ ကော်မရှင်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့်လမ်းညွှန်မှုများ ပြုနိုင်ရန်၊ ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မရှင်အဖွဲ့ဝင်များအားလုံး အနေဖြင့် လုပ်ငန်းရပ်များအားလုံး အောင်မြင်စေရေးနှင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အားလုံးမှ အစဉ်တစိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၂၂ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီအနက် ဦးစိုးပု ခေါင်းဆောင်သည့် **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၂၂ ပါတီအနက် တစ်ပါတီကို မှတ်ပုံတင်ခွင့်ငြင်းပယ်ခဲ့ပြီး ၁၈ ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။ ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သမဝါယမကောလိပ်(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Year- End Student Activity Showcase အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်း ဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမကောလိပ်(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Year- End Student Activity Showcase အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကောလိပ်ရှိ ရန်ကင်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)မှ ပါမောက္ခ/ဌာနမှူးများ၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုပ်ငန်းရှင်တစ်ဦးက လုပ်ငန်းလုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီးက အခမ်းအနား ကျင်းပရခြင်းကို ရှင်းလင်းတင်ပြပြီး တန်းခွဲခုနစ်ခုအနက် အမြင့်ဆုံးရာခိုင်နှုန်း အများဆုံးရရှိသည့် ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက ဝယ်ရောင်းလုပ်ငန်း၏ စာရင်းဇယားများကို စာတမ်းဖတ်ကြားတင်ပြကြပြီး တေးသီချင်းဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ဧည့်ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က မင်္ဂလာဆီမီးထွန်းညှိပြီး အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ အခမ်းအနားသို့တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ ဒုတိယသံအမတ်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့အား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်း ပေးအပ်ကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ညစာဖြင့် တည်ခင်းဧည့်ခံကြသည်။



အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များ၊ အိန္ဒိယနွယ်ဖွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော် ဟိုတယ်ဇုန်(၁)အတွင်းရှိဟိုတယ်များ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၂**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်(၁) ရာဇသင်္ဂဟလမ်းမကြီးရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မန္တလေးမြေလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် ဧည့်သည်လက်ခံ၍ ဝန်ဆောင်မှုပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်း၍ မြင်ကွင်းပသာဒ ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ဟိုတယ်အခန်းများ အတွင်း ဧည့်သည် အသုံးအဆောင်ပစ္စည်းများ ပြည့်စုံအောင်စီစဉ်ထားရှိရန်၊ အရေးပေါ်ထွက်ပေါက်ပြ သတိပေး ဖော်ပြချက်များ မြင်သာသည့်နေရာတွင်ထားရှိရန်၊ ဧည့်သည်များအား အရည်အသွေးကောင်းသော ဝန်ဆောင်မှုပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ဟိုတယ်များ ပြန်လည်တည်ဆောက်ပြုပြင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး ဟိုတယ်ဝင်းအတွင်း နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် တပ်ဆင်သုံးစွဲနိုင်ရေး ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**

# တာချီလိတ်မြို့ စက်မှုဇုန်သန့်ရှင်းသာယာလှပစေရေး ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ စက်မှုဇုန် သန့်ရှင်းသာယာလှပစေရန် စွန့်ပစ်အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ တရားမဝင်ကျူးကျော်တဲများနှင့် ဆိုင်ခန်းများ ဖယ်ရှားနိုင်ရေးအတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်၊ စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းစိုင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် စက်မှုရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် စက်မှုရပ်ကွက်အတွင်းရှိ စည်ပင်သာယာရေးနှင့် အတူ UBL ပုဂ္ဂလိက အမှိုက်သိမ်းလုပ်ငန်းက စက်ယန္တရားများဖြင့် အမှိုက်သရိုက်များ ပူးပေါင်းပါဝင်ရှင်းလင်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး စက်မှုဇုန်ဧရိယာအတွင်း တရားမဝင်ကျူးကျော် လာရောက်နေထိုင်သူများ၊ စွန့်ပစ်ပစ္စည်းရောင်းချသူများနှင့် တွေ့ဆုံကာ စက်မှုဇုန်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး သတ်မှတ်ရက်အတွင်း ဖယ်ရှားဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားကြသည်။



ယင်းနောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တာဝန်ရှိသူများက စက်မှုဇုန်မှ မိုင်းဖုန်းအသွား လမ်းဘေး ဝဲ/ယာ ဧရိယာအတွင်း ကျူးကျော်ရောင်းချနေသောတဲများနှင့် ဆိုင်ခန်းငယ်ပေါင်း ၃၄ နေရာအား တစ်ပတ်အတွင်း ဖယ်ရှားပေးရန်အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**



# မကွေးတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မကွေး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကန်သာဈေးကြီးနှင့် ကန်သာရပ်(၁၄)လမ်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပိုးလောက်လမ်းပေါက်ပွားမှု မရှိစေရေး ရေတိုင်ကီ၊ ကျောက်စည်ပိုင်း၊ အုတ်ရေကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုနှင့် မြို့နယ်အသီးသီးတွင်လည်း သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အခြေခံပညာကျောင်းများ၊ ဈေးများနှင့် ရပ်ကွက်၊ ကျေးရွာများတွင် မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါကင်းဝေးစေရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းပေါက်ပွားမှုကာကွယ်နိုင်ရေး အဘိတ်ဆေးခတ်ခြင်း၊ ရာသီတုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး ကျန်းမာရေးအသိပညာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ်အတွင်း သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင် သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင် သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်း၍ ဒေသနွားမျိုးကောင်ရေ ၁၅၀ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်းများအနေဖြင့် ဒေသနွားကောင်ရေ ၅၀၀ မွေးမြူရေးစီမံချက်တွင် ပထမအဆင့် ကောင်ရေ ၁၅၀ မွေးမြူနိုင်ခဲ့ပြီး ကျန်ရှိသောနွားများ သတ်မှတ်ရက်တွင်ရောက်ရှိရေး ချိတ်ဆက်ဆောင်ရွက်ရန်၊ နွားစာရရှိရေး မွန်ဗားဆားမြက်၊ နေပီယာမြက် ၂၇ ဧက စိုက်ပျိုးထားမှုကို ရှင်သန်အောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သမဝါယမအသင်းများက စိုက်ပျိုးထားသည့် နေပီယာမြက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြွေရိုးကျောင်းစု ကျေးရွာအုပ်စု ရုံးတောကျေးရွာ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ အသင်းပိုင်လယ်မြေ ခုနစ်ဧကတွင် စိုက်ပျိုးထားသော အောင်နိုင်တိုး အထွက်တိုး စပါးမျိုးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရရှိလာသောစပါးများကို တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမအသင်းစုချုပ်များ၊ မြို့နယ် သမဝါယမအသင်းစုများနှင့် ပူးပေါင်းချိတ်ဆက်၍ ဝယ်ယူကြိတ်ခွဲ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ စပါးရိတ်သိမ်းပြီးပါက မြေပဲ၊ နှမ်း၊ ပြောင်းသီးနှံများ ဆက်လက်စိုက်ပျိုးနိုင်ရေး လိုအပ်သည့်မျိုးအား သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရန်၊ မိုးစပါးစိုက်ပျိုးနိုင်ရေး အချိန်မီပျိုးထောင်၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကျင်းပရေး ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၂

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက အွန်လိုင်းမှ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အောင်မြင်စွာကျင်းပနိုင်ရေး ပညာရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ မျိုးဆက်သစ်လူငယ် ကျောင်းသား ကျောင်းသူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ပဓာနကျပါကြောင်း၊ မန္တလေးတက္ကသိုလ်ရာပြည့်အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုပြုလုပ်ရာတွင် မျိုးဆက်သစ်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ခေတ်အမြင်ကို ထည့်သွင်းဖန်တီးစေလိုသည့်အတွက် ပြိုင်ပွဲပြုလုပ်စေလိုကြောင်း၊ မန္တလေးတက္ကသိုလ်တည်ထောင်မှုနှစ် ၁၀၀ ပြည့် ရာပြည့်သဘင်ကို တစ်သက်တွင် တစ်ကြိမ်သာကျင်းပခွင့်ရရှိသည့်အတွက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြံပြုဆွေးနွေးကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ခွဲဝေထားမှုများအတိုင်း ဆောင်ရွက်ရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ထည့်သွင်းရန် ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)နှင့် တက္ကသိုလ်ကိုးခုမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အောင်မြင်စွာကျင်းပနိုင်ရေး လျာထားခဲ့သည့် အစီအစဉ် ၂၅ ရပ်အပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပုသိမ်ကြီးမြို့နယ်၌ အခွန်ပညာပေး ဆွေးနွေးပွဲကျင်းပ

ပုသိမ်ကြီး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ အခွန်ပညာပေးဆွေးနွေးပွဲတွင် ပုသိမ်ကြီးမြို့နယ် အခွန်ဦးစီးမှူး ဦးဝင်းကျော်က ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးရမည့် အခွန်ဆိုင်ရာ ဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အခွန်အကြောင်းသိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် တည်ဆဲအခွန်များဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၂

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM) ၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Iori KATO အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် IOM တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် IOM တို့ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်ကြာမြင့်ခဲ့ပြီဖြစ်ရာ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ခုခံအားကျ ကာလသားရောဂါနှင့် တီဘီရောဂါကာကွယ်ကုသရေး လုပ်ငန်းများနှင့် နိုင်ငံတော်က နှစ်စဉ် အေအာတီနှင့် တီဘီရောဂါကုသရေးဆေးဝါးများ ဝယ်ယူပံ့ပိုးပေးလျက်ရှိသည့် ကိစ္စရပ်များ၊ ရွှေ့ပြောင်း လုပ်သားများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ မန္တလေး လျှောင်ဘေးသင့် ဒေသများတွင် စိတ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ IOM ရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို One Stop Service ဖြင့် စိစစ်ထုတ်ပေးနေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။



### ကြည့်ရှုအားပေး

ထို့မှတစ်ဆင့် နောင်ချိုမြို့ မြို့လယ်သာသနာ့ဗိမာန်၌ ယာယီရုံးခန်းဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ၎င်းတို့နေရပ်စွန့်ခွာစဉ် ပျက်စီး/ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်စိစစ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာကာယကံရှင်ပြည်သူများထံ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြား လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်မဲခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး၊ နမ္မတူနှင့် သီပေါမြို့နယ်ဦးစီးမှူးရုံးများ၊ အဆိုပါမမ္မာရုံ၌ ယာယီရုံးများဖွင့်လှစ်ထားရှိမှုအခြေအနေကို ကြည့်ရှုပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သက်ဆိုင်ရာမြို့များ၌ မြို့နယ်ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိရေး၊ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ၊ ဆန်အိတ်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ဓမ္မာရုံရှေ့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာ အခက်အခဲများကိုမေးမြန်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နောင်ချိုမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နောင်ချိုမြို့နယ်ဦးစီးမှူးရုံး မီးလောင်ပျက်စီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုံးပြန်လည်တည်ဆောက်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ချိုမြို့ စိန်ရတနာကျောင်းတိုက်၌ ကျောက်မဲခရိုင်အတွင်းရှိ အမျိုးသားဝန်ထမ်းများ ယာယီနေရာချထားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ၏ နေထိုင်၊ စားသောက်ရေး အဆင်ပြေစေရေးအတွက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ် လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

### တက်ရောက်ပညာသင်ကြား

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ရှစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၉၅၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၈၁၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၈၉ဦးတို့အား ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသား ပြည်သူ ၄၈ ဦးအား သွေးအမျိုးအစား စစ်ဆေးပေး၍ အမျိုးသားလေးဦးအား ငှက်ဖျားပိုး စစ်ဆေးပေးခြင်းနှင့် အမျိုးသမီးတစ်ဦးအား သွေးလွန်တုပ်ကွေးရောဂါ စစ်ဆေးမှုများ ဆောင်ရွက်ပေးသည်။ ယင်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၂ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ဒေါပုံမြို့နယ်၌ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

ဒေါပုံ ဩဂုတ် ၁၂

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ် မိခင်နှင့်ကလေးပိုင် သားဖွားခန်း၌ ယနေ့နံနက်ပိုင်းက ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေ၊ ဗိုလ်တထောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးတို့ တက်ရောက်ခဲ့ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမျိုးခိုင်က ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရဖွံ့ဖြိုးရေးအတွက် နေထိုင်စားသောက်နည်းများကို ဟောပြောဆွေးနွေးပြီး မိခင်နို့ စနစ်တကျတိုက်ကျွေးနည်းများကိုပါ သရုပ်ပြရှင်းလင်းပေးခဲ့သည်။ ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများက အသက် (၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် တာဝန်ရှိသူများက အသင်းပိုင်သားဖွားခန်းကို စစ်ဆေးကြည့်ရှုခြင်းနှင့် မြို့နယ်တိုင်းရင်းဆေးစိုက်ခင်းရှိ တိုင်းရင်းဆေးပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနှင့် ဆီးဂိမ်း

## အားကစားဝါသနာရှင်တစ်ဦး

ယခု အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(SEA Games)ဟု ခေါ်တွင်သော အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games) ကို ၁၉၅၉ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ကျင်းပခဲ့သည်။

### ပထမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲ

အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကျင်းပရန် စဉ်းစားစိုင်းပြင်းခဲ့သည်မှာ ၁၉၅၈ ခုနှစ် တိုကျိုအာရှအိုလံပစ်အားကစားပြိုင်ပွဲကျင်းပပြုလုပ်စဉ်ကဖြစ်သည်။ ထိုင်းနိုင်ငံက ဦးဆောင်လှုံ့ဆော်ကာ မြန်မာ၊ လာအို၊ မလေးယား(ယခု မလေးရှား)တို့ကို ဖိတ်ကြားပြီး အိမ်နီးချင်းအရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများ၏ အားကစားတိုးတက်ရေးအတွက် အားကစားပြိုင်ပွဲတစ်ရပ်ပြုလုပ်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများမှ အားကစားသမားများသည် အာရှအိုလံပစ်နှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် နိုင်ငံတကာအတွေ့အကြုံ အရည်အချင်းနှင့် စွမ်းရည်ပြည့်ဝရန်လိုအပ်သည်။ အဆိုပါအရည်အချင်း၊ စွမ်းရည်များပြည့်ဝရန်အတွက် အဆင့်အတန်းတူညီသည့် ကျွန်းဆွယ်နိုင်ငံအချင်းချင်း ယှဉ်ပြိုင်စမ်းသပ် အကဲခတ်ရန်လိုသည်။ ထို့ပြင် အာရှအိုလံပစ်နှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများကြားတွင် ကျွန်းဆွယ်ပြိုင်ပွဲကို ပြုလုပ်ခြင်းဖြင့် ကျွန်းဆွယ်အားကစားသမားများ အဆင့်အတန်းကို ခန့်မှန်းနိုင်သည် စသည်ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး ပထမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲကို ၁၉၅၉ ခုနှစ်တွင် ဗန်ကောက်မြို့၌ ပြုလုပ်ရန်နှင့် ပြိုင်ပွဲကို နှစ်နှစ်လျှင် တစ်ကြိမ်ပြုလုပ်ရန်၊ ကမ္ဘောဒီးယားနှင့် ထိုစဉ်က တောင်ဗီယက်နမ်တို့ကိုလည်း လက်ခံရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ၁၉၅၉ ခုနှစ် ဇွန်လတွင် ဗန်ကောက်မြို့၌ ကျွန်းဆွယ်အားကစားအဖွဲ့ချုပ် အစည်းအဝေးပွဲတစ်ရပ်ပြုလုပ်ပြီး ပြိုင်ပွဲစည်းကမ်းများရေးဆွဲခဲ့ကြသည်။ ကမ္ဘာ့အားကစားအဖွဲ့ချုပ်များက အသိအမှတ်ပြုထားသော အားကစားပြိုင်ပွဲများကို သာထည့်သွင်းကျင်းပရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။ ထို့ပြင် စင်ကာပူနိုင်ငံကိုလည်း အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။ သို့သော် ပထမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကျင်းပသည့်အခါ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့ ပြဿနာဖြစ်နေ၍ ကမ္ဘောဒီးယားက လာရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ချေ။

သို့ဖြစ်၍ ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲသို့ အိမ်ရှင် ထိုင်း၊ မြန်မာ၊ မလေးယား (ယခု မလေးရှား)၊ စင်ကာပူ၊ တောင်ဗီယက်နမ်နှင့် လာအိုနိုင်ငံ စုစုပေါင်း ခြောက်နိုင်ငံမှသာ လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဗိုဗီနမ်အားကစားတွင် ရွှေတံဆိပ်ဆုရခဲ့သည့် အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ရာဇာထွန်းနှင့် ကျော်သူစိုးအောင်အတွဲကို တွေ့ရစဉ်။

### မပျက်မကွက် ပါဝင်ဆင်နွှဲခဲ့

မြန်မာနိုင်ငံအနေဖြင့်မူ အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ စတင်သန္ဓေတည်ပေါ်ပေါက်လာရန်ကြိုးပမ်းခဲ့သည့် ဦးဆောင်နိုင်ငံပီပီ ပထမအကြိမ်ပြိုင်ပွဲမှ ယခုလာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတိုင်အကြိမ်တိုင်း မပျက်မကွက် ပါဝင်ဆင်နွှဲခဲ့သည်။

အိမ်ရှင်နိုင်ငံအနေဖြင့်လည်း ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဥ္စမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကို ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်၌လည်းကောင်း အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ အောင်မြင်မှုအစဉ်အလာနှင့် ရွှေရောင်တောက်ပခဲ့သော သမိုင်းမှတ်တမ်းကောင်းများစွာကိုလည်း ရေးထိုးနိုင်ခဲ့သည်။

ဗွေဆော်ဦးကျင်းပသည့် ၁၉၅၉ ခုနှစ် ပထမအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲမှာပင် မြန်မာအားကစားအဖွဲ့သည် အုပ်ချုပ်သူ ၂၄ ဦး၊ အမျိုးသားအားကစားသမား ၉၈ ဦး၊ အမျိုးသမီးအားကစားသမား လေးဦးတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၁၁ ခု၊ ငွေ ၁၅ ခု၊ ကြေး ၁၄ ခုဖြင့် စုစုပေါင်း ဆုတံဆိပ် ၄၀ ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် ဒုတိယရရှိခဲ့သည်။

အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေ ၃၅၊ ငွေ ၂၆၊ ကြေး ၄၃ ဖြင့် စုစုပေါင်း ၁၀၄ ခုဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၇ နိုင်ငံအနက် ပထမရရှိခဲ့သည်။

> အိမ်ရှင်နိုင်ငံအနေဖြင့်လည်း ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကို ရန်ကုန်မြို့၌လည်းကောင်း၊ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နေပြည်တော်၌လည်းကောင်း အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ အောင်မြင်မှုအစဉ်အလာနှင့် ရွှေရောင်တောက်ပခဲ့သော သမိုင်းမှတ်တမ်းကောင်းများစွာကိုလည်း ရေးထိုးနိုင်ခဲ့

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၆၅ ခုနှစ် တတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၈၊ ငွေ ၇၊ ကြေး ၁၈ ဖြင့် စုစုပေါင်း ၃၃ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၆ နိုင်ငံအနက် စတုတ္ထရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ကျင်းပသည့် ၁၉၆၇ ခုနှစ် စတုတ္ထအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၁၁၊ ငွေ ၂၆၊ ကြေး ၃၂ ဖြင့် စုစုပေါင်း ၆၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၆ နိုင်ငံအနက် စတုတ္ထရရှိခဲ့သည်။

### ဒုတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့

မြန်မာနိုင်ငံက ဒုတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည့် ၁၉၆၉ ခုနှစ် ပဥ္စမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေ ၅၇၊ ငွေ ၄၆၊ ကြေး ၄၆ ဖြင့် စုစုပေါင်း ၁၄၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၆ နိုင်ငံအနက် ပထမရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၇၁ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၂၀၊ ငွေ ၂၈၊ ကြေး ၁၃ ဖြင့် စုစုပေါင်း ၆၁ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၇ နိုင်ငံအနက် စတုတ္ထရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ဆက်လက်ကျင်းပသည့် ၁၉၇၃ ခုနှစ် သတ္တမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၂၈၊ ငွေ ၂၄၊ ကြေး ၁၅ ဖြင့် စုစုပေါင်း ၆၇ ခုဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၇ နိုင်ငံအနက် စတုတ္ထရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၉၇၅ ခုနှစ် အဋ္ဌမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ ၂၈၊ ငွေ ၃၅၊ ကြေး ၃၃ ဖြင့် စုစုပေါင်း ၉၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၄ နိုင်ငံအနက် တတိယရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၇၇ ခုနှစ် နဝမအကြိမ်ပြိုင်ပွဲတွင်မူ ကျွန်းဆွယ်မဟုတ်သည့် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့ပါဝင်လာ၍ ကျွန်းဆွယ်အမည်ဖြုတ်ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခဲ့သည်။ သို့ရာတွင် ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် လာအိုတို့ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိ၍ မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံအပါအဝင် စုစုပေါင်း ၇ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအားကစားအဖွဲ့က ရွှေ ၂၅၊ ငွေ ၄၂၊ ကြေး ၄၃ ဖြင့် စုစုပေါင်း ၁၁၀ ဆွတ်ခူးရရှိခဲ့ပြီး စတုတ္ထရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၇၉ ခုနှစ် ဒသမအကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၂၆၊ ငွေ ၂၆၊ ကြေး ၂၄ ဖြင့် စုစုပေါင်း ၇၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၇ နိုင်ငံအနက် တတိယရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ၁၉၈၁ ခုနှစ် (၁၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၅၊ ငွေ ၁၉၊ ကြေး ၂၇ ဖြင့် စုစုပေါင်း ၆၁ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၇ နိုင်ငံအနက် ပဥ္စမရရှိခဲ့သည်။

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ၁၉၈၃ ခုနှစ် (၁၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၈၊ ငွေ ၁၅၊ ကြေး ၁၇ ဖြင့် စုစုပေါင်း ၅၀ ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၈ နိုင်ငံအနက် ပဥ္စမရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၉၈၅ ခုနှစ် (၁၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၃၊ ငွေ ၁၉၊ ကြေး ၃၄ ဖြင့် စုစုပေါင်း ၆၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၈ နိုင်ငံအနက် ဆဋ္ဌမရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၈၇ ခုနှစ် (၁၄) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၃၊ ငွေ ၁၅၊ ကြေး ၂၁ ဖြင့် စုစုပေါင်း ၄၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၈ နိုင်ငံအနက် ဆဋ္ဌမရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၈၉ ခုနှစ် (၁၅) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၀၊ ငွေ ၁၄၊ ကြေး ၂၀ ဖြင့် စုစုပေါင်း ၄၄ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၉ နိုင်ငံအနက် ဆဋ္ဌမရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ၁၉၉၁ ခုနှစ် (၁၆) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၂၊ ငွေ ၁၆၊ ကြေး ၂၉ ဖြင့် စုစုပေါင်း ၅၇ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၉ နိုင်ငံအနက် ဆဋ္ဌမရရှိခဲ့သည်။

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ၁၉၉၃ ခုနှစ် (၁၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၈၊ ငွေ ၁၃၊ ကြေး ၁၆ ဖြင့် စုစုပေါင်း ၃၇ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၉ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၉၉၅ ခုနှစ် (၁၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၄၊ ငွေ ၂၁၊ ကြေး ၃၇ ဖြင့်စုစုပေါင်း ၆၂ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ၁၉၉၇ ခုနှစ် (၁၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၈၊ ငွေ ၃၄၊ ကြေး ၄၄ ဖြင့် စုစုပေါင်း ၈၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဘရူနိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၉၉၉ ခုနှစ် အကြိမ် (၂၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်မူ ရွှေ ၃၊ ငွေ ၁၀၊ ကြေး ၁၀ ဖြင့် စုစုပေါင်း ၂၃ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် အဋ္ဌမရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၀၁ ခုနှစ် (၂၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၉၊ ငွေ ၁၄၊ ကြေး ၅၃ ဖြင့် စုစုပေါင်း ၈၆ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် ၂၀၀၃ ခုနှစ် (၂၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၆၊ ငွေ ၄၃၊ ကြေး ၅၀ ဖြင့်စုစုပေါင်း ၁၀၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် (၂၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၇၊ ငွေ ၃၄၊ ကြေး ၄၈ ဖြင့် စုစုပေါင်း ၉၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

စာမျက်နှာ ၉ သို့ ☆

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာ အချိုးကျရောနှောကြဲပက်ခြင်း အခမ်းအနား တက်ရောက်

**ထားဝယ် ဩဂုတ် ၁၂**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အကျိုးဆောင်တောင်သူများအား သဘာဝမြေသြဇာပေးအပ်ခြင်းနှင့်ထားဝယ်မြို့နယ် အမှတ်(၄) အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ မိုးစပါးစိုက်ခင်းတွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ရောနှောကြဲပက်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး မင်းမင်းလတ်နှင့်တာဝန်ရှိသူများက ထားဝယ်ခရိုင်အတွင်းရှိတောင်သူများအား သဘာဝမြေသြဇာအိတ် ၁၀၀ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်နှင့် အကျိုးဆောင် တောင်သူများက မိုးစပါးစိုက်ခင်းအတွင်း သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိန်ကိုက်၊ အချိုးကျရောနှောကြဲပက်နေမှု၊ ဟင်းရွက်စိုက်ခင်း၊ တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ခင်းနှင့် သီးနှံပင်များအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်(၄)အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတွင် သရုပ်ပြမွေးမြူထားရှိသည့် ဥစားကြက်၊ ဝက်၊ ဆိတ်မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများအား ကြက်ဥများ ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



☆ စာမျက်နှာ ၈ မှ

* **တစ်ခေတ်တစ်ခါက နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားလူရည်ချွန်များသည် ယခုမျက်မှောက်ခေတ်ကဲ့သို့ နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုငွေများချီးမြှင့်ခြင်းကို မခံစား၊ မစံစားခဲ့ကြရသော်လည်း နိုင်ငံနှင့်လူမျိုးအတွက်ဟူသည့်ခံယူချက်ဖြင့် အရိုးကြေကြေ အရေခန်းခန်း၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိအပြည့်တို့ဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အနိုင်မခံ အရှုံးမပေးဘဲ အောင်ပွဲအလီလီ ရယူဆွတ်ခူးပေးခဲ့ကြ**
* **လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် အာရှအဆင့်အားကစားပြိုင်ပွဲများတွင် မြန်မာအားကစားမောင်မယ်များသည် တစ်ခေတ်တစ်ခါက နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစားလူရည်ချွန်များကဲ့သို့ အရိုးကြေကြေ အရေခန်းခန်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အောင်စိတ်မွေးမြူကာ အလှည့်ကျလျှင် မနွဲ့စတမ်း နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် ကြိုးပမ်းမြှင့်တင်**

ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၂၀၀၇ ခုနှစ် (၂၄) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၄၊ ငွေ ၂၆၊ ကြေး ၄၇ ဖြင့် စုစုပေါင်း ၈၇ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

လာအိုနိုင်ငံ၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် (၂၅) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၂၊ ငွေ ၂၂၊ ကြေး ၃၇ ဖြင့် စုစုပေါင်း ၇၁ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဋ္ဌမရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၆၊ ငွေ ၂၇၊ ကြေး ၃၇ ဖြင့် စုစုပေါင်း ၈၂ ခုဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

မြန်မာနိုင်ငံက တတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သော ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်မူ မြန်မာအားကစားအဖွဲ့သည် ရွှေ ၈၄၊ ငွေ ၆၃၊ ကြေး ၈၄ ဖြင့် စုစုပေါင်း ၂၃၁ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် ဒုတိယရရှိခဲ့သည်။

စင်ကာပူနိုင်ငံ၌ကျင်းပသည့် ၂၀၁၅ ခုနှစ် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၂၊ ငွေ ၂၆၊ ကြေး ၃၁ ဖြင့် စုစုပေါင်း ၆၉ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၇၊ ငွေ ၁၀၊ ကြေး ၂၀ ဖြင့် စုစုပေါင်း ၃၇ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ် အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၄၊ ငွေ ၁၈၊ ကြေး ၅၁ ဖြင့် စုစုပေါင်း ၇၃ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၂၂ ခုနှစ် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၉၊ ငွေ ၁၈၊ ကြေး ၃၅ ဖြင့် စုစုပေါင်း ၆၂ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် သတ္တမရရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပသည့် ၂၀၂၃ ခုနှစ် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၂၁၊ ငွေ ၂၅၊ ကြေး ၆၈ ဖြင့် စုစုပေါင်း ၁၁၄ ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဋ္ဌမရရှိခဲ့သည်။

**အောင်မြင်မှုစံနှုန်းကို အမြင့်မားဆုံး စိုက်ထူစွမ်းဆောင်နိုင်ခဲ့**

ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်နှင့် နိုင်ငံအလိုက် အဆင့် ရပ်တည်မှုစာရင်းဇယားများကို လေ့လာကြည့်လျှင် မြန်မာအားကစားအဖွဲ့သည် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယကျွန်းဆွယ်ပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်ကျွန်းဆွယ်ပြိုင်ပွဲတို့တွင် ပထမ၊ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ဒုတိယ၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၇၅ ခုနှစ် အဋ္ဌမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ဒသမအကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့တွင် တတိယဖြင့် အောင်မြင်မှုစံနှုန်းကို အမြင့်မားဆုံး စိုက်ထူစွမ်းဆောင်နိုင်ခဲ့သည်။

ထို့အတူ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၉၅ ခုနှစ် (၁၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၁၉၉၉ ခုနှစ် အကြိမ် ၂၀ မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ် အကြိမ် ၃၀ မြောက် ဆီးဂိမ်းပြိုင်ပွဲတို့တွင် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ် ၄ ခု၊ ရွှေတံဆိပ် ၃ ခုနှင့် ရွှေတံဆိပ် ၄ ခု သာရရှိခဲ့၍ ကျွန်းဆွယ်ပြိုင်ပွဲနှင့် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ရွှေတံဆိပ် အနည်းဆုံးပြိုင်ပွဲများအဖြစ် တွေ့မြင်ရမည်ဖြစ်ပေသည်။

ခေတ်ဦးကျွန်းဆွယ်ပြိုင်ပွဲနှင့် အရှေ့တောင်အာရှ ဆီးဂိမ်းအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်အများဆုံးဆွတ်ခူးရရှိရန် အဓိကဒေါက်တိုင်အဖြစ် မတည်ပေးခဲ့သော အားကစားနည်းများမှာ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ လက်ဝှေ့၊ ဘောလုံးနှင့် ဘော်လီဘောအားကစားနည်းများ ဖြစ်ပေသည်။

**ငါးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းဆိုလျှင် ၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁ နှင့် ၁၉၇၃ ခုနှစ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတို့တွင် ငါးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့ရုံမက ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ် အာရှအားကစားပြိုင်ပွဲချန်ပီယံ၊ ၁၉၆၈ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲတွင် ဒုတိယ၊ ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုတို့အပြင် ဖိတ်ခေါ်ဖလားပြိုင်ပွဲများ ချန်ပီယံဆုရှင်အဖြစ် အောင်မြင်မှုသမိုင်းအစဉ်အလာကြီးမားခဲ့သည်။

ထို့အတူ အလေးမအားကစားနည်းဆိုလျှင်လည်း ၁၉၆၅ ခုနှစ် တတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဆွတ်ခူးရရှိခဲ့သည့် ရွှေတံဆိပ် ၈ ခု၊ ငွေတံဆိပ် ၇ ခုနှင့် ကြေးတံဆိပ် ၁၈ ခုအနက် မြန်မာအလေးမအားကစားအဖွဲ့က ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၃ ခုဖြင့် အများဆုံးရယူပေးနိုင်ခဲ့သည်။

မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့ဆိုမူ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၀၊ ၁၉၇၁ ခုနှစ် ဆဋ္ဌမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ထိုင်း၊ စင်ကာပူတို့ကို အနိုင်ရကာ ရွှေတံဆိပ် ၆ ခု ရယူဆွတ်ခူးပေးခဲ့ပြီး ကျွန်းဆွယ်နှင့် အရှေ့တောင်အာရှဆီးဂိမ်းအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲများတွင် အောင်ပွဲအလီလီဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်ကြသည့် ဂျင်နီဖာတင်လေး(သံလုံးပစ်)၊ မမိုးစံ(တာတိုပြေး)၊ ဂျင်မီကရမ်တန်(တာလတ်ပြေး)၊ ရှင်မွေဂန်း(တာဝေးပြေး)၊ မမိုးအေး(ခ)ဂရေစီကား(ပြေးခုန်ပစ်)၊ စိုးမရ(ဝါးလုံးထောက်ခုန်)၊ မဖြူဖြူ(ဘော်လီဘော)၊ ကြည်ညွန့်(ကြက်တောင်)၊ တင်မောင်နီ(ရေကူး)၊ တင်ထွန်း(လက်ဝှေ့)၊ သိန်းမြင့်(လက်ဝှေ့)၊ ထွန်းမောင်(အလေးမ)၊ ချစ်မြ(အလေးမ)၊ ဦးစိန်လှိုင်(ဘောလုံး)၊ ဗဟာဒူး(ဘောလုံး)၊ တင်အောင်(ဘောလုံး)၊ လှဌေး(ဘောလုံး)တို့၏ အားကစားအောင်မြင်မှုများကို အားကစားကလောင်ရှင်ဆရာမောင်ရဲဝင်းက **“မြန်မာ့အားကစား လူရည်ချွန်များ”** အမည်ဖြင့် စာအုပ်ရေးသားထုတ်ဝေခဲ့သည်။

ထို့အတူ အားကစားကလောင်ရှင်ဆရာ ဗဟိုသိမ်းဆောင်ကလည်း **“အာရှဘောလုံးနှင့် မြန်မာ့ကြယ်ပွင့်များ”**အမည်ဖြင့် ဗဟာဒူး၊ ခင်မောင်ထွန်း(ဂိုး)၊ ဘပု၊ မောင်မောင်၊ တင်အေး၊ အောင်ခင်၊ ဝင်းမောင်နှင့် စိုးမြင့်တို့၏ ဘဝတစ်စေ့တစောင်းကို စာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့သည်။

**အောင်ပွဲအလီလီ ရယူဆွတ်ခူးပေးခဲ့**

တစ်ခေတ်တစ်ခါက နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့အားကစားလူရည်ချွန်များသည် ယခုမျက်မှောက်ခေတ်ကဲ့သို့ နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်းကို မခံစား၊ မစံစားခဲ့ကြရသော်လည်း နိုင်ငံနှင့် လူမျိုးအတွက်ဟူသည့် ခံယူချက်ဖြင့် အရိုးကြေကြေ အရေခန်းခန်း၊ မလျှော့သောဇွဲလုံ့လ၊ ဝီရိယ၊ သတ္တိအပြည့်တို့ဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အနိုင်မခံ အရှုံးမပေးဘဲ အောင်ပွဲအလီလီ ရယူဆွတ်ခူးပေးခဲ့ကြပါသည်။

ကျွန်းဆွယ်အားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မမိုးစံသည် အမျိုးသားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရှုံးနိမ့်မှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း စိတ်ဓာတ်မကျ၊ **“ငါ တစ်နေ့နိုင်ရမည်”** ဟူသော ခံယူချက်ဖြင့် အောင်စိတ်မွေးပြီး ရည်မှန်းချက်ပြည့်ဝစေရန် ဆက်လက်ကြိုးစားလေ့ကျင့်ခဲ့သည်။

Burma’s Golden Boy ဟု ကျွန်းဆွယ်အားကစားပြိုင်ပွဲများတွင် ထင်ရှားကျော်ကြားခဲ့သော အာရှနှင့် ကျွန်းဆွယ်အားကစားပြိုင်ပွဲ တာလတ်အပြေးချန်ပီယံ ဂျင်မီကရမ်တန်ဆိုလျှင် ဆဋ္ဌမကျွန်းဆွယ်ပြိုင်ပွဲတွင် ခြေနာနေသောဒဏ်ကြောင့် ဖိနပ်မစီးဘဲ ယှဉ်ပြိုင်ခဲ့ရာ ခြေထောက်မှသွေးများ ယိုစီးနေသော်လည်း အားမာန်မလျှော့ဘဲ ဆက်လက်ယှဉ်ပြိုင်ခဲ့ပါသည်။

သို့ဖြစ်၍ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် အာရှအဆင့်အားကစားပြိုင်ပွဲများတွင် မြန်မာအားကစားမောင်မယ်များသည် တစ်ခေတ်တစ်ခါက နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစားလူရည်ချွန်များကဲ့သို့ အရိုးကြေကြေ အရေခန်းခန်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အောင်စိတ်မွေးမြူကာ အလှည့်ကျလျှင် မနွဲ့စတမ်း နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြပါစို့။ ။

# လွိုင်ကော်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

လွိုင်ကော် ဩဂုတ် ၁၂

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်လူငယ်ရေးရာကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ပေးပို့သည့်သဝဏ်လွှာကို လူမှုရေးရာဝန်ကြီးက ဖတ်ကြားကာ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အားကစားနှင့် ပညာရေးကဏ္ဍတွင် ထူးချွန်ဆုရရှိသောလူငယ်များအား ဆုများပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမား နှစ်ဦးနှင့် ဗဟိုအဆင့်အခြေခံပညာ(မူလတန်းအဆင့်) အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် Grade -5 ကျောင်းသားတစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ဟားခါးမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




ဟားခါး ဩဂုတ် ၁၂

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခေတ္တလူမှုရေးရာဝန်ကြီးက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်မှတ်တမ်းဗီဒီယိုကို ပြသသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုရရှိခဲ့သော လူငယ်အားကစားသမား သုံးဦး၊ အဆင့်မြင့်ပညာအဆင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ စာစီစာကုံးပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် ဆောင်ရွက်



ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်( အရှေ့ပိုင်း )မြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ် (၁၂)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးချစ်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းမြင့်က အွန်လိုင်းအန္တရာယ် တို့ကာကွယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမဉ္ဇူက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းအရာများကို ဟောပြောခဲ့ပြီး ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်ပြဘုတ်များနှင့် စာအုပ်ပြပွဲကို ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြစ်ကြီးနားမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် လူငယ်စွမ်းရည်ပြိုင်ပွဲ ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

မြစ်ကြီးနား ဩဂုတ် ၁၂

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် လူငယ်စွမ်းရည်ပြိုင်ပွဲ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ တိုင်းရင်းသားတေးသရုပ်ဖော်အက၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများ၏ ရှမ်းတိုင်းရင်းသားရိုးရာ



အကနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အဖြစ် သုံးရက်တာကျင်းပခဲ့သည့် သီချင်းဆိုပြိုင်ပွဲ၊ အဆင့်မြင့်ပညာ၊ အခြေခံပညာအဆင့် စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် စာစီစာကုံး၊ ကဗျာစပ်ဆို၊ ပန်းချီနှင့် ပုံပြင်ပြောပြိုင်ပွဲများ၊ ပြခန်းခင်းကျင်းပြသဆုနှင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ဒိုင်အဖြစ်ပါဝင်ကူညီသူများနှင့် စာပေဟောပြောပွဲတွင်ပါဝင်ကြသည့် စာရေးဆရာများအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ခန်းမအတွင်း ပြသထားသည့် စာအုပ်စာစောင်များ၊ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၏ ပညာရေးဆိုင်ရာ စွမ်းရည်ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၀၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်အမျိုးသား ၁၀၀ နှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၁၀၄ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်အတွင်းမှ DPLA အဖွဲ့ဝင် အမျိုးသား ၈၀ နှင့် အမျိုးသမီး နှစ်ဦး၊ NH PDF အဖွဲ့ဝင် အမျိုးသား သုံးဦး၊ KIA အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ ကျောက်ဆည် PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ မိုးကုတ် PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ မန္တလေး PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး၊ ပင်းတယမြို့နယ်အတွင်းမှ DPLA အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ နမ့်ဆန်မြို့နယ်အတွင်းမှ TNLA အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် မိုးမိတ်မြို့နယ်အတွင်းမှ TNLA အဖွဲ့ဝင်အမျိုးသား တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းမှ မန္တလေး PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၀၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်း၌ ပြုလုပ်ရာ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်တောင့် ၃၀၊ Type-82 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၂၁၀ တောင့်၊ MA-3 တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၀ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး တာဝန်ရှိသူများက သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ်သုံးလက်အတွက် ငွေကျပ်သိန်း ၁၅၀ နှင့် လက်ပစ်ဗုံးတစ်လုံးလျှင် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံး ၁၂ လုံးအတွက် ငွေကျပ် ၃၆ သိန်း စုစုပေါင်း ငွေကျပ် ၁၈၆ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပြန်လည်ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။

ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း အခုကဲ့သို့ ကြားသိရပါသည်-

**အမျိုးသမီး**

ကျွန်မက ခရီးသွားရင်းနဲ့ပေါ့နော်။ ကျွန်မ ဦးလေးကစစ်သားဆိုတော့မှ ကျွန်မကို ဖမ်းတာပေါ့။ ဖမ်းပြီးတော့မှ နင့်ဦးလေးက စစ်သား။ နင် PDF ထဲဝင်မှာလား။ မဝင်ရင် နင့်မိသားစုကို တစ်ခုခုလုပ်မယ် ဆိုပြီးတော့ ခြိမ်းခြောက်တာပေါ့။ ခြိမ်းခြောက်ပြီးတဲ့အခါကျတော့ မိသားစုကိုတော့ မလုပ်ပါနဲ့ပေါ့နော်။ ကျွန်မပဲ အဲဒီအထဲဝင်မယ် ဆိုပြီးတော့မှ အနစ်နာခံပြီးတော့ အဲဒီအထဲဝင်သွားခဲ့တယ်။ ဝင်ပြီးတော့ အဲဒီမှာ သင်တန်းတွေ အတင်းတက်ခိုင်းတယ်။ တက်ခိုင်းပြီးတော့မှ သင်တန်းမှာပေါ့နော်။ သင်တန်းမှာ သင်တန်းဆင်းရင်းနဲ့ မူးလဲတာတောင်မှပေါ့ ဘာမှ မလုပ်ပေးဘူးပေါ့။ မထူနဲ့ဘာညာ အဲဒီလိုမျိုးပြောတယ်။ ပြီးတော့ ထမင်းစားရတာကျတော့လည်း အဲဒီမှာ အဆင်မပြေဘူးပေါ့နော်။ တစ်နေ့ကိုမှ နှစ်နပ်ပဲကျွေးတယ်။ ပြီးတော့ ထမင်းကလည်း အချိန်နဲ့ စားရတာဆိုတော့ စားရတာ အဆင်မပြေဘူး။ ပြီးတော့ တစ်ခါတလေကျရင် ထမင်းသိုးတွေ ဘာတွေ စားရတယ်။ သင်တန်းဆင်းပြီးတဲ့အခါကျတော့လည်း အဲဒီမှာနေပြီးတော့မှ ထမင်းတွေ ဘာတွေ ချက်ခိုင်းတယ်။ အဲဒီလိုမျိုးပါနော်။ အလုပ်တွေ ဘာတွေ လုပ်ခိုင်းတယ်။ ပြီးတော့ တခြားနယ်တွေမှာ သူတို့ရန်ပုံငွေရဖို့အတွက် မဲတွေ ဘာတွေ လိုက်ရောင်းခိုင်းတယ်။ တစ်နေကုန် လိုက်ရောင်းပြီး ပြန်လာတယ်။ ပြီးလို့ရှိရင် အဲဒီမဲကို သူတို့က ဖောက်ပေးလားဆိုမဲလည်းမဖောက်ပေးဘူး။ အဲဒီရဲ့ ပိုက်ဆံတွေကို အလွဲသုံးစားလုပ်တယ်။ အဲဒီလုပ်ရပ်တွေကိုလည်း ကျွန်မတို့က မကြိုက်ဘူးပေါ့။ အဲဒါပြီးတော့အခါကျတော့ အဲလိုမျိုး အဲဒီမှာပေါ့နော် ကင်းတွေဘာတွေလည်း စောင့်ရတယ်။ ကင်းတွေဘာတွေစောင့်လို့ရှိရင်လည်း အလွန်အေးတယ်။ အလွန်အေးလို့ရှိရင် သူတို့ကစောင်တွေဆိုလည်း လုံလုံလောက်လောက် မပေးဘူးပေါ့နော်။ သမီးတို့အဝတ်အစားတွေ၊ အနွေးထည်တွေ မရှိဘူး။ အဲဒီလိုမျိုးထားတယ်။ ပြီးလို့ရှိရင် ထမင်းစားရင်လည်း အဲဒီလိုမျိုးပေါ့နော်။ ဟင်းက မကောင်းဘူး။ အဲဒီလိုမျိုးထားတယ်။ ပြီးတော့ အဲဒီလို ပဲဟင်းပေါ့ အဲဒီလိုမျိုးတွေနဲ့ စားရတယ်။ အဲဒီလို သူတို့ရဲ့ လုပ်ရပ်တွေပေါ့။ သူတို့ရဲ့ အခုပိုက်ဆံအလွဲသုံးစားလုပ်နေမှုတွေ၊ တခြားလုပ်ရပ်တွေပေါ့နော်။ သူများဟာတွေကို အနိုင်ကျင့်နေမှုတွေ၊ သူများပိုက်ဆံတွေကို လိမ်ပြီးတော့မှ ပြည်သူ့အတွက် လုပ်နေပါတယ် ဆိုပြီးတော့မှ အဲဒီလိုမျိုးတွေ ပြောနေတာပေါ့။ အဲဒီလိုမျိုးတွေကိုလည်း သမီးတို့မကြိုက်တဲ့အတွက် အဲဒီထဲကနေ ထွက်ပြေးပြီးတော့ ဒီဘက်ကို အလင်းလာဝင်ခြင်း ဖြစ်ပါတယ်။ အခုကျန်ရှိနေတဲ့ အဖွဲ့သားတွေ၊ ကျန်တဲ့သူတွေရော ကျွန်မတို့လို အနိုင်ကျင့်ခံရတာကို၊ ပြီးတော့ အတင်းအဓမ္မခေါ်ခံရတာမျိုးတို့ ရှိတဲ့သူတွေလည်းရှိကြတယ်။ အဲဒီလိုရှိတဲ့ သူတွေလည်း တပ်မတော်ဘက်က အလင်းဝင်တဲ့ သူတွေကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ကျွန်မကိုလည်း တပ်မတော်က အလင်းဝင်တဲ့အတွက် ဘာမှမလုပ်ဘူး။



ကောင်းကောင်းမွန်မွန်ပဲ ထားတယ်။ ကောင်းကောင်းမွန်မွန်ပဲ မိဘလက်ထဲ ပြန်အပ်တယ်။ အဲဒါကြောင့်မို့ ကျန်ရှိနေတဲ့ သူတွေကိုလည်း အမှားကိုသိပြီး အမှန်ကို ပြန်ပြင်နိုင်အောင်လို့ တပ်မတော်ထဲကို အလင်းဝင်ပါလို့ ကျွန်မက ပြောချင်ပါတယ်။

**အမျိုးသား**

အကြမ်းဖက် TNLA ထဲ ရောက်လာတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ရွာကို လာပြီးတော့ အဓမ္မအတင်းဆွဲခေါ်တာပေါ့။ တချို့က မင်းတို့မလိုက်ရင် မင်းတို့မိဘကို ခေါ်သွားမယ် အိမ်တွေကို မီးရှို့မယ်လို့ ခြိမ်းခြောက်ပါတယ်။ ဒါကြောင့် မိသားစုကို ငဲ့ပြီးတော့ ကျွန်တော် အဲဒီအဖွဲ့ထဲကို ရောက်သွားပါတယ်။ အဲဒီမှာ အစားလည်း ဆင်းရဲတယ်။ အနေလည်း ဆင်းရဲတယ်။ ဆေးဝါးလည်း မပြည့်စုံဘူး။ လေ့ကျင့်ခန်းလည်း ကြမ်းကြမ်းတမ်းတမ်းလည်း လုပ်ရတယ်။ အသက်ကြီးပိုင်းတွေ ဆိုရင် လေ့ကျင့်ခန်းမလုပ်နိုင်ရင် ရိုက်တယ်။ ဆူတယ်၊ ကန်တယ်၊ ရေထဲစိမ်တယ်။ တချို့ဆို မူးလဲတယ်။ ပြန်မထူခိုင်းဘူး။ ဒီအတိုင်းပဲ ထားခိုင်းတယ်။ တချို့ဆိုရင် နေပူလှန်းလို့ လှုပ်ရင်သေနတ်တွေနဲ့ ခြိမ်းခြောက်တာပေါ့။ မင်းတို့ကို ပစ်သတ်လို့ရတယ်။ ငါတို့အဖွဲ့အစည်းမှာ လူသတ်ပိုင်ခွင့်ရှိတယ် ဆိုပြီး ခြိမ်းခြောက်ပါတယ်။ တချို့ထွက်ပြေးတဲ့ ရဲဘော်တွေလည်း ရှိတယ်။ သင်တန်းကွင်းမှာ စိတ်ပင်ပန်းလို့ ပြန်မိရင် ရိုက်တယ်၊ နှက်တယ်၊ ထုတယ်။ မင်းတို့ဘာကြောင့် ထွက်ပြေးတာလဲလို့ မေးတယ်။ မင်းတို့ အာဏာရှင် တိုက်ထုတ်ဖို့ဝင်လာတာမဟုတ်ဘူးလားလို့ မေးတယ်။ ကျွန်တော်တို့ အမြင်မှာတော့ ဒီသင်တန်းကွင်းမှာ လေ့ကျင့်ခန်းလုပ်ခိုင်းတာ အာဏာရှင်ထက်ဆိုးနေတာပေါ့။ ရိုက်တယ်၊ ကြမ်းတယ်ပြောတော့ အာဏာရှင် မကြိုက်ဖူးလေး ဘာလေးနဲ့။ တကယ်တမ်းအာဏာရှင်က သူတို့ဖြစ်နေတယ်။ TNLA အဖွဲ့ နဲ့ DPLA အဖွဲ့မှာဆိုရင် ဒီအဖွဲ့အစည်း



လည်း သိပ်မရှိတော့ဘူးပေါ့နော်။ အလင်းဝင်ချင်တဲ့ သူတွေလည်း ရှိတယ်။ ထွက်ပြေးလွတ်မြောက်တဲ့ ရဲဘော်တွေလည်းရှိတယ်။ တပ်မတော်ထဲ အလင်းဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ တပ်မတော်က ညှဉ်းပန်းနှိပ်စက်တာတွေမရှိဘူး။ သူတို့ပြောခဲ့သမျှဟာတွေ ဘာမှ မဟုတ်ဘူး၊ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ရှေ့ဆက်ပြီး အလင်းဝင်ပြီးတော့ ကျွန်တော်တို့ ကျောင်းတက်ချင်တဲ့ ရဲဘော်တွေလည်း ကျောင်းနေလို့ရတယ်။ မိဘနဲ့ လွတ်လွတ်လပ်လပ် နေအိမ်မှာ တောင်ယာလုပ်စားချင်လည်းရတယ်။ ဘာမှကြောက်စရာမလိုဘူး။ အေးအေးဆေးဆေး ဖော်ဖော်ရွေရွေပဲ။ အစားအသောက်ကောင်းလည်း ကျွေးတယ်။ ဒါကြောင့်မို့ အလင်းဝင်ရောက်ဖို့ရာ ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

# ပဲခူးမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အမျိုးသား / အမျိုးသမီး တာဝေးအပြေးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အမျိုးသား/အမျိုးသမီး တာဝေးအပြေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့၌ ကျင်းပသည်။

**တက်ရောက်ချီးမြှင့်**

ဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က သေနတ်ဖောက်၍ တာဝေး အပြေးပြိုင်ပွဲအားဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးမှ အမျိုးသား/ အမျိုးသမီး တာဝေးအပြေး အားကစားသမားများက သတ်မှတ် ထားရှိသည့်နေရာများအထိ ပါဝင်ယှဉ်ပြိုင်ကြရာ ပြေးလမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များက သောင်းသောင်းဖြဖြ အားပေးကြကာ ပန်းဝင်လာသူများအား တိုင်း ဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပန်းကုံးစွပ်ကြိုဆိုကြသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား



ကျင်းပရာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ပေးသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့လူငယ်မောင်မယ်များအနေဖြင့် အကျင့် စာရိတ္တကောင်းမွန်သည့် လူတော်လူကောင်းများ အဖြစ် နိုင်ငံ့တာဝန်ကို ရဲရင့်ယုံကြည်စွာဖြင့် အများ ကောင်းကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် သားကောင်းသမီးမွန်များဖြစ်အောင် ကြိုးစားနေထိုင် သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား တာဝေးအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ပေးအပ် သည်။ ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဝန်ကြီးများက အမျိုးသမီး တာဝေးအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူနှင့် ပန်းဝင်အဆင့် ၄ မှ ၃၀ အထိရရှိသူ များအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အပြည်ပြည်ဆိုင်ရာလူငယ်များ နေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်းတွင် ပါဝင် ဆွေးနွေးသူများအား တိုင်းဒေသကြီး ဥပဒေချုပ် ကလည်းကောင်း ဂုဏ်ပြုငွေချီးမြှင့်ပေးအပ်သည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးမျိုးအောင်က အပြည်ပြည်ဆိုင်ရာ လူငယ် များနေ့အထိမ်းအမှတ် သဝဏ်လွှာကိုဖတ်ကြား ပြီး အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကလစ်အားပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြ ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ဖွင့်ပွဲအခမ်းအနား တက်ရောက်




**စစ်တွေ ဩဂုတ် ၁၂**

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရား သူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူငယ်ကိုယ်စား လှယ်များ၊ တက္ကသိုလ်များနှင့် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ လူငယ် စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြား၍ အပြည်ပြည်ဆိုင်ရာ လူငယ် များနေ့ အခမ်းအနားအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ပြည်နယ် လူမှုရေးရာဝန်ကြီးက လက်ခံရယူကာ အပြည်ပြည် ဆိုင်ရာလူငယ်များနေ့ အခမ်း အနားသို့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ထံမှပေးပို့သည့် သဝဏ်လွှာကို ပြည်နယ် လူမှုရေးရာဝန်ကြီးက ဖတ်ကြားပြီး လူငယ်လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ရခိုင်ရိုးရာအကအဖွဲ့ က အရောက်လာလည်လေးရပ်မြေ တေးသီချင်းဖြင့် ကပြဖျော်ဖြေ ၍ လူငယ်စကားဝိုင်းကို စစ်တွေ တက္ကသိုလ်နှင့် နည်းပညာ တက္ကသိုလ်(စစ်တွေ)တို့မှ မဟာ အရည်အချင်းစစ် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ အထက်တန်း ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်း ဖြစ်မှု၊ နည်းပညာနှင့် တီထွင် ဆန်းသစ်မှု၊ လူငယ်နှင့် မူးယစ် ဆေးဝါး၊ ကျား၊ မတန်းတူညီမျှရေး၊ လူငယ်နှင့် AI နည်းပညာ၊ ထိန်းသိမ်း စို့လေ ရိုးရာအမွေစသည့် ခေါင်းစဉ် များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသော လူငယ် များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်ဇနီးတို့က လူငယ်စကားဝိုင်း တွင် ပါဝင်ဆွေးနွေးကြသူများနှင့် ရခိုင်ရိုးရာ အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ခန်းမအတွင်း အပြည်ပြည် ဆိုင်ရာလူငယ်များနေ့ လှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံနှင့် ပိုစတာများ ပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**တင်ထွန်း(ပြန်/ဆက်)**




# အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

**မှော်ဘီ ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အားကစားနှင့် လူငယ်ရေးရာအသိပညာ ပေးဟောပြောပွဲကို ယမန်နေ့တွင် အခြေခံပညာအထက်တန်းကျောင်း (သန္ဓေပင်)ခန်းမ၌ ကျင်းပသည်။

**သီဆိုဖွင့်လှစ်**

အခမ်းအနားတွင် အထက(သန္ဓေပင်)မှ ကျောင်းသား ကျောင်းသူ များက အနာဂတ်လူငယ်အတွက် လူရည်မွန်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးဇော်ဇော်နိုင်က လူငယ်နှင့်ဗလငါးတန် ဖွံ့ဖြိုးရေးခေါင်းစဉ် ဖြင့်လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ မောင်ချိုဝေက ဉာဏ်ပညာ ဘယ်ကရမှာလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းဝင်းက ဘဝတိုးတက်ရေးအောင်မြင်လိုသူများအတွက် နည်းလမ်းကောင်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း ပြောကြားပြီး “စာပေနှင့် အားကစား အလေးထားလူငယ်အနာဂတ်အား”ခေါင်းစဉ် ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# မိုင်းရယ်မြို့၌ စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲနှင့် ဟောပြောပွဲ ပြုလုပ်

**မိုင်းရယ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီး၍ (၂၅)ကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲနှင့် ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ထိုသို့ပြုလုပ်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မာလာက လူငယ်များနေ့ အထိမ်းအမှတ်စတင်ဖြစ်ပေါ်လာပုံ၊ လူငယ်များနေ့အထိမ်းအမှတ် လှုပ်ရှားမှုပုံရိပ်များနှင့် အွန်လိုင်းကို စနစ်တကျ အကျိုးရှိရှိအသုံးချတတ်



စေရေးတို့ကို ဆွေးနွေးဟောပြောကာ အထက၊ အလကနှင့် မူလွန်(၁) ကျောင်းတို့မှ စာစီစာကုံးပြိုင်ပွဲဆုရရှိသည့် ကျောင်းသား ကျောင်းသူ များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား ကျင်းပ

ပုသိမ် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကို လူမှုရေးရာဝန်ကြီးက ဖတ်ကြားသည်။

ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ထို့နောက် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် အားကစားထူးချွန်လူငယ်၊ ၂၀၂၅ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ငါးခုရရှိအောင်စွမ်းဆောင်ပေးခဲ့သော အားကစားထူးချွန်လူငယ်၊ ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် ထူးချွန်လူငယ်များ ဧရာဝတီတိုင်းဒေသကြီး သုံးထပ်ကွမ်းလူရည်ချွန်ထူးချွန်လူငယ်များနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် တက္ကသိုလ်/ ဒီဂရီကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ဝန်ကြီးများက ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုပြသမှုနှင့် လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)






## စာရင်းစစ်ရုံးသမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိစာရင်းစစ်ချုပ်ရုံးငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး မြပန်းအိုင်ခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဒေါ်ခင်မာချိုက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ချယ်ရီအေးက ဧည့်သည်တော်အဖြစ် တက်ရောက်၍ သမလုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြီး အသင်းအလုပ်အမှုဆောင်အဖွဲ့က အသင်း၏ လုပ်ငန်းအခြေအနေများကိုချပြကာ အသင်းသားများအား အကျိုးခံစားခွင့် စုစုပေါင်းငွေကျပ် ၂၀၆၁၇၉၃ ဒသမ ၆၈ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ပေါင်မြို့နယ်၌ ကာရာအိုကေလုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် အခွန်ပညာပေးခြင်းဆောင်ရွက်

ပေါင် ဩဂုတ် ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကာရာအိုကေ လုပ်ငန်းလိုင်စင်သက်တမ်းတိုး ဆောင်ရွက်ခြင်းနှင့် အခွန်ပညာပေးရှင်းလင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က ပေါင်မြို့နယ်အတွင်းရှိ ကာရာအိုကေလုပ်ငန်းလိုင်စင် ဖွင့်လှစ်နေမှုအပေါ် သက်တမ်းတိုး ဆောင်ရွက်ထားခြင်း ရှိ/မရှိ စိစစ်သွားရန်၊ လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းမရှိဘဲ ဖွင့်လှစ်နေမှုမရှိရေး ကြပ်မတ်သွားရန်နှင့် သက်တမ်းကုန်ဆုံးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် တင်ပြလျှောက်ထားနိုင်ရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ဥပဒေအရာရှိဦးမျိုးထက်ကျော်က ကာရာအိုကေဆိုင်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်းနှင့် ပေါင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမျိုးသန့်စိုးက ကာရာအိုကေဆိုင်များတွင် အခွန်နှင့်ပတ်သက်သည့် အကြောင်းအရာများ ပညာပေးရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တတ်ရောက်လာသည့် ကာရာအိုကေလုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## စဉ့်ကိုင်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

စဉ့်ကိုင် ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်နှင့် အမှတ်(၁၈)မူးယစ်တပ်ဖွဲ့စု(မန္တလေးတောင်ပိုင်း)တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် အမှတ်(၁၈)မူးယစ်တပ်ဖွဲ့စု (မန္တလေးတောင်ပိုင်း) ရဲမှူးနိုင်အောင်ခိုင်က မူးယစ်ဆေး၏ အဓိပ္ပာယ်၊ မူးယစ်ဆေးဝါး၏ ဘေးထွက်ဆိုးကျိုးအန္တရာယ်များ၊ ရုပ်ပိုင်းဆိုင်ရာ/ စိတ်ပိုင်းဆိုင်ရာ လက္ခဏာများ၊ ပြစ်မှု/ပြစ်ဒဏ်များ၊ ဥပဒေပုဒ်မများ စသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို တက်ရောက်လာကြလာသူများအား ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ကျောက်ဆည်တက္ကသိုလ်မိသားစုမှ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကျောက်တန်းမြို့နယ်၌ လူငယ်စကားဝိုင်း ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

ကျောက်တန်း ဩဂုတ် ၁၂

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မြို့မအခြေခံပညာ အလယ်တန်းကျောင်း ရွှေသံလွင်ခန်းမ၌ ကျင်းပသည်။



ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက လူငယ်စကားဝိုင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်ထွန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အလက(မြို့မ) မှ ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်ဖွဲ့ဝေယံဆက်က လူငယ်နှင့်ယဉ်ကျေးမှု၊ မောင်ဘုန်းဇင်ထက်က လူငယ်နှင့်အားကစား၊ မဆုအိန္ဒြန်းလွဲ့က လူငယ်နှင့်စာပေ၊ မမိုးပွင့်ဖြူက လူငယ်နှင့်ကျန်းမာရေး၊ မဇေဝတီကျော်က လူငယ်နှင့်စာရိတ္တ စသည်ဖြင့် မိမိတို့နှစ်သက်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးပြောကြားခဲ့ကြသည်။

သန့်ဇင်ထွန်း(ပြန်/ဆက်)

## ထားဝယ်မြို့နယ်၌ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

ထားဝယ် ဩဂုတ် ၁၂

တနင်္သာရီ တိုင်းဒေသကြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် ထားဝယ်မြို့နယ် ကူးတို့ကျေးရွာ ထားဝယ်-မြိတ်လမ်း၌ ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းက မိုးစပါးစိုက်ခင်းများတွင် မြေဩဇာများ အချိန်ကိုက် အချိုးကျထည့်သွင်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်စေရေးဂရုစိုက်ဆောင်ရွက်သွားရန်နှင့် အသင်းမှလိုအပ်သည့် သွင်းအားစုများရရှိစေရေးအတွက် မြို့နယ် သမဝါယမအသင်းစုနှင့် ချိတ်ဆက် ဆောင်ရွက်ပေးကာ ပန်းတိုင်အထွက်နှုန်း ရရှိရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# နေပြည်တော်ကောင်စီနယ်မြေတွင် စပါးအထွက်နှုန်းကွာဟချက်များ ဆန်းစစ်လေ့လာမှု သုတေသနစစ်တမ်းကောက်ယူ



နေပြည်တော် ဩဂုတ် ၁၂

နွေစပါးစိုက်တောင်သူများအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေးကိုဦးတည်သော စပါးအထွက်နှုန်းကွာဟချက်များနှင့် ကန့်သတ်ချက်များကို ဆန်းစစ်လေ့လာမှု သုတေသနစစ်တမ်းကောက်ယူခြင်းကို နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်၌ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနတို့ ပူးပေါင်း၍ စစ်တမ်းကောက်ယူနေမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ကွင်းဆင်းကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် စစ်တမ်းကောက်ပညာရှင်ဝန်ထမ်းများ၊ တောင်သူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ယခုစစ်တမ်းကောက်ယူရာတွင် တောင်သူများ စပါးစိုက်ပျိုးရာ၌ မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း ထည့်သွင်းကောက်ယူရန်နှင့် ပန်းတိုင်အထွက်ရရှိရေးအတွက် အရေးကြီးသည့် မျိုး၊ မြေ၊ ရေ၊ နည်း ပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် တောင်သူများ၏ စွမ်းဆောင်ရည်ကို အခြေပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနတာဝန်ရှိသူများအနေဖြင့် တောင်သူများအား သီးနှံများထွက်ပေါ်ချိန်တွင် သက်ဆိုင်ရာဈေးကွက်နှင့် ချိတ်ဆက်ပေးကြစေလိုကြောင်းနှင့် ဒေသအလိုက် ဈေးကွက်သုတေသနများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူများအနေဖြင့်လည်း မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ထူကိုယ်ထ ရန်ပုံငွေအစုအဖွဲ့များ တည်ထောင်၍ ကျေးရွာသစ်စံကိုက်နမူနာကျေးရွာများကို စံနမူနာယူကာ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ မျိုးနှင့်ပတ်သက်၍ တောင်သူကြီးများ ကိုယ်တိုင် မျိုးစေ့ထုတ်နိုင်ရေး ခေါင်နှံမျိုးထားသည့်စနစ်အား ကျင့်သုံးနိုင်စေရေးကို ပညာရှင်များက ကူညီပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ MSME လုပ်ငန်းများ ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၂

နေပြည်တော်ကောင်စီအဖွဲ့ဝင် MSME Agency ဥက္ကဋ္ဌ ဦးဇေယျာလင်းသည် ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်း၊ ဇမ္ဗူသီရိမြို့နယ် MSME ဥက္ကဋ္ဌ ဒေါ်ခင်မိုးဖြူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းက MSME ထုတ်ကုန်များ တင်ပြရောင်းချမည့် လုပ်ငန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုရာတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရွှေကြာပင်ရပ်ကွက်နှင့် အောင်ဇမ္ဗူရပ်ကွက်တို့တွင် MSME လုပ်ငန်းများဆောင်ရွက်နေသည့် ထုတ်ကုန်များတင်ပြရောင်းချမည့် Zabu Mart တောဓလေ့ မြေပဲဆုံဆီသန့်လုပ်ငန်း၊ ငွေကြယ်စားသောက်ကုန်လုပ်ငန်းနှင့် အောင်ဇမ္ဗူထွန်းမြေပဲဆုံဆီလုပ်ငန်းများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

နီလာ(ပြန်/ဆက်)

# ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်



မြန်အောင် ဩဂုတ် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၃) စက်မှုလယ်ယာစခန်း မြန်အောင်၌ ဩဂုတ် ၁၁ ရက်က ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု အခြေခံတောင်သူသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးငြိမ်းသောင်းက သင်တန်းဖွင့်လှစ်ပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ သင်တန်းသား ၄၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၁ ရက်မှ ၂၂ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

မြန်အောင်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မအူချောင်းအတွင်း ငါးမျိုးစိုက်ထည့်



ရန်ကုန် ဩဂုတ် ၁၂

ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန်ငါးလုပ်ငန်းစခန်းတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် မအူချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၈ ဒသမ ၄၀ သိန်းနှင့် ငါးခုံးမကြီးကောင်ရေ သုည ဒသမ ၄၀ သိန်း စုစုပေါင်းငါးသားပေါက်ကောင်ရေ ၈ ဒသမ ၈၀ သိန်းတို့ကို မအူချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

အေးမဥ္ဇူ



# ဘားအံမြို့၌ ခရိုင်အဆင့် အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

ဘားအံ ဩဂုတ် ၁၂

ကရင်ပြည်နယ် ဘားအံမြို့၌ ဘားအံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးသင်တန်းကို ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွေးနန္ဒာဖြိုးနှင့် ဘားအံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဆန်းတို့က အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အခြေခံသဘောတရားနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘားအံမြို့ရှိ ရပ်ကွက်များ၊ ဈေးများမှအမှိုက်များသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ လက်တွေ့ဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးဦးစီးဌာနက စွန့်ပစ်အမှိုက်များကို မြေဆွေးပြုလုပ်နည်း၊ ခရိုင်သစ်တောဦးစီးဌာနက သဘာဝသစ်တောများ၏ ဝန်ဆောင်မှုအကျိုးကျေးဇူး၊ စိုက်ပျိုးပြီးသစ်ပင်များ ထိန်းသိမ်းခြင်း စသည့်ဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့ရာ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိုးစပါး(လယ်)သီးနှံတွင် လက်ဆွဲကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးပွဲကျင်းပ

ရွာငံ ဩဂုတ် ၁၂

စိုက်ပျိုးရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူများစိုက်နည်းစနစ်များ မှန်ကန်စွာအသုံးချတတ်စေရန်နှင့် ပန်းတိုင်အထွက်နှုန်းသီးနှံများ တိုးတက်စေရန်ရည်ရွယ်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၌ မိုးစပါး(လယ်)သီးနှံတွင် လက်ဆွဲကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးပွဲကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ကျောက်မြောင်းကျေးရွာအုပ်စု ကဇက်ကျေးရွာ တောင်သူဦးအောင်မြင့်ဦး၏ လယ်မြေ၌ ကျင်းပသည်။

ကောက်စိုက်စက်သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန



ဦးစီးမှူးနှင့် ဝန်ထမ်းများက စိုက်ပျိုး၊ စိုက်နည်းစနစ်ဆိုင်ရာများကို လက်ဆွဲကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြသပေးခဲ့ပြီး စက်အသုံးပြုခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဒုတိယဝန်ကြီး ဦးအေးကျော် မန္တလေးခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ တံခွန်တိုင်ပင်မဓာတ်အားခွဲရုံများ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ တံခွန်တိုင်ပင်မဓာတ်အားခွဲရုံများ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးအေးကျော်သည် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံအစည်းအဝေးခန်းမတွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ထရန်စဖော်မာဝန်အားများကို အမြဲစစ်ဆေး၍ မှတ်တမ်းထားရှိရန်၊ ဓာတ်အားလွှတ်ပစ္စည်းများအား ပုံမှန်စစ်ဆေးပြီး ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရန်၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားနိုင်ရေး အထူးသတိပြုဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းလက်ကျန်ပစ္စည်းများကိုလည်း စနစ်တကျထိန်းသိမ်းထားရှိရန်မှာကြားကာ ဓာတ်အားခွဲရုံ Protecion Room နှင့် Switch Yard အတွင်း ဓာတ်အားထိန်းချုပ် ပို့လွှတ်ဖြန့်ဖြူးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၁၃၂ ကေဗွီ တံခွန်တိုင်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိကာ ဓာတ်အားထိန်းချုပ်ခန်းနှင့် ဓာတ်အားခွဲရုံ Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Regional Control Center သို့ ရောက်ရှိရာ တာဝန်ရှိသူများက မန္တလေးလျှပ်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ပြင်ဆင်ပြီးစီးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကျောက်ဆည်ခရိုင် လျှပ်စစ်မန်နေဂျာရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက မီတာဖတ်ရှုမှုများ မှန်မှန်ကန်ကန်ဖတ်ရှုမှတ်တမ်းတင်သွားနိုင်ရေး တာဝန်ရှိသူများက အထူးအလေးအနက်ထား ဆောင်ရွက်သွားကြရန်၊ မီတာများအား Analog စနစ်မှ AMI စနစ်သို့ ပြောင်းလဲတပ်ဆင်ရာတွင် အမှားအယွင်းများ မဖြစ်ပေါ်စေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန်၊ မီတာဖတ်ရှုမှု၊ မီတာတပ်ဆင်မှုနှင့် မီတာစစ်ဆေးမှုများတွင် Cross Check၊ Spot Check၊ Counter Check များဖြင့် အမြဲမပြတ် စစ်ဆေးစောင့်ကြည့်ပြီး မီတာအသစ်တပ်ဆင်ခြင်း စီမံချက်များဖြင့် စနစ်တကျ မြန်မြန်ဆန်ဆန် တပ်ဆင်ဆောင်ရွက်သွားနိုင်ရေးတို့ကိုမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကြို့ပင်ကောက်မြို့နယ်၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကြို့ပင်ကောက် ဩဂုတ် ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီးတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် သာယာဝတီခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသန်းမြတ်စိုး၊ ကြို့ပင်ကောက်မြို့နယ်မှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်တင်နုနုထွန်းတို့နှင့်အတူ ယမန်နေ့က ကြို့ပင်ကောက်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ပစ္စည်းတင်ဒါဖြင့် ဆောင်ရွက်နေသည့် မြို့လယ်ချောင်း-မကျီးပင်စု-အုတ်ဖိုတော်တနီ ကုန်းလမ်းကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး၍ ကျောက်များ အရွယ်အစားမှန်ကန်ရေး၊ အရည်အသွေး ပြည့်မီရေးနှင့် QC စစ်ဆေးခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကတ္တရာလမ်းတစ်လမ်းနှင့် တံတားတစ်စင်းတို့၏ ဆောင်ရွက်ပြီးစီးမှုကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဆောင်၍ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက ဩဂုတ် ပထမပတ်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

# မင်းဘူးမြို့၌ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မင်းဘူး ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ လျှပ်စစ်မီတာယူနစ်ပျောက်ဆုံးမှုလျော့နည်းစေရေး၊ ဌာနဝင်ငွေတိုးတက်စေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် အိမ်သုံး၊ လုပ်ငန်းခွင်သုံးမီတာများ စစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက မင်းဘူးမြို့ပေါ်ရှိ လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များ၌ သုံးစွဲနေသော လျှပ်စစ်မီတာယူနစ်ပျောက်ဆုံးမှုလျော့နည်းစေရေး၊ ဌာနဝင်ငွေ တိုးတက်စေရေး၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် မြို့ပေါ်ရပ်ကွက်များရှိ စီတီမီတာ၊ ပါဝါမီတာ၊ အိမ်သုံးမီတာများအား တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေး၊ ဓာတ်အားသုံးစွဲမှု စနစ်တကျရှိစေရေးနှင့် လျှပ်စစ်မီးလိုင်းများ စနစ်တကျ သွယ်တန်းတပ်ဆင်အသုံးပြုစေရေးတို့အတွက် လျှပ်စစ်နှင့်ဆိုင်သော ပညာပေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းများကို မြို့နယ်အတွင်း၌ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

# သနပ်ပင်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်

သနပ်ပင် ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေး ရောဂါ ကြိုတင်ကာကွယ်ရန်နှင့် ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲပိုင်းက အလက(ခွဲ) ဈေးပိုင်းကျောင်း၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခွန်စောထွန်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များက မိုးရာသီကာလအတွင်း ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် အသိပညာပေး ဟောပြောခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို စာသင်ကျောင်းရှိ ရေလှောင်ကန်များ၊ ရေစည်၊ ရေအိုးများအတွင်းသို့ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ သက်ကြီးဘိုးဘွားများအား ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အသက်(၈၀)နှစ်အထက် သက်ကြီးဘိုးဘွားများအား ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁၅) ရပ်ကွက်အုပ်ချုပ်ရေးရုံး၌ ပေးအပ်သည်။



ထိုသို့ပေးအပ်ရာတွင် အသက်(၈၀)နှစ်အထက် သက်ကြီးဘိုးဘွားတစ်ဦးလျှင် ဆန် ၁၂ ပြည်တစ်အိတ်၊ ဆီ ၅၀ သားတစ်ဘူး၊ အလှူငွေကျပ် ၅၀၀၀၀ တို့ကို ဘိုးဘွား ၁၀ ဦးတို့အတွက် အလှူရှင်ဦးထိုက်တန် မိသားစုကလှူဒါန်းပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ချိုချိုသန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကြိုင်နှင့်အဖွဲ့ဝင်များက ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၁၀ ဦးအတွက် ငွေကျပ် ၃၀၀၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သုံးခွ၊ သက္ကလနှင့် သန်လျင်မြို့ရှိ စာကြည့်တိုက်များသို့ သုတ၊ ရသစာအုပ်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၂

ကွယ်လွန်သူ သဘော်သား စာရေး ဆရာဒွန်မှူး၏ ကိုယ်ပိုင်စာကြည့်တိုက်မှ သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့ ဒေါ်မိန်းခလေး ပြည်သူ့စာကြည့်တိုက်၌ ဩဂုတ် ၁၀ ရက်က ပြုလုပ်သည်။

ဦးစွာ စာရေးဆရာများက မိတ်ဆက်စကားများ ပြောကြားကြပြီး အလင်္ကာလေညင်းမဂ္ဂဇင်း အယ်ဒီတာအဖွဲ့က စာအုပ်များ လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဒေါ်မိန်းခလေး ပြည်သူ့စာကြည့်တိုက် အတွက် သုတ၊ ရသစာအုပ်မျိုးစုံအုပ်ရေ ၁၀၀ ကျော်၊ သက္ကလမြို့ ရွှေနှလုံးသား ရှင်သန်ခြင်း စာကြည့်တိုက် အတွက် သုတ၊ ရသစာအုပ် ၁၀၀ ကျော်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် စာရေးဆရာဒွန်မှူး၏ ကိုယ်ပိုင်စာကြည့်တိုက်မှ သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ ကျော်နှင့် စာရေးဆရာ၊ ဆရာမများ စုပေါင်းလှူဒါန်းသော သုတ၊ ရသစာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ ကျော်ကို သန်လျင်မြို့ ကရင်ဆိပ်စံပြကျေးရွာရှိ ပညာမိခင်စာကြည့်တိုက်သို့ အလှူရှင်များကိုယ်စား အလင်္ကာလေညင်း မဂ္ဂဇင်း အယ်ဒီတာအဖွဲ့က သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုထက်



# အုတ်တွင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်

အုတ်တွင်း ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးငယ်များ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရေးအတွက် ရည်ရွယ်၍ ယနေ့နံနက် ၁၀ နာရီက အမက (မူလွန်)ကြို့ကုန်းကျောင်း၊ မွန်းလွဲ ၁ နာရီတွင် အမက(မူလွန်)ဘုရားကြီးကုန်းကျောင်းနှင့် မွန်းလွဲ ၂ နာရီခွဲတွင် တောင်ဝင်းကုန်းကျောင်းများသို့ အသိပညာပေး ကွင်းဆင်းဆောင်ရွက်သည်။

## အသိပညာပေး

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ကျောင်းသား ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးခိုင်က စားသုံးရန်မသင့်သော အစားအစာနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မာက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် စာဖတ်သည့်အလေ့အကျင့်များရရှိစေရန် စာအုပ်စာစောင်ပြပွဲနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များ ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# တံတားဦးမြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်းများအား ကွင်းဆင်း ကြည့်ရှုစစ်ဆေး



တံတားဦး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးသည့် လုပ်ငန်းခွင်သို့ ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာသို့ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့်အဖွဲ့သည် ဘူးရောက်-မိုးကြိုးတွင်း (ရွှေမိုးမြေ)လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

❍ MNL မှ

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ပြီးခဲ့သည့်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ယခုတစ်ပတ်တွင် နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၄ မိနစ်တွင် ချစ်ထူးနိုင်၊ ၅၅ မိနစ်တွင် ကောင်းမြတ်ကျော်နှင့် ၆၃ မိနစ်တွင် ကောင်းခန့်ဟိန်းတို့က သွင်းယူသည်။ ၁၅ ပွဲစီကစားအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၀၊ ရာမညယူနိုက်တက်အသင်းက ၁၉ မှတ်ရရှိထားသည်။

ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက မဟာယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ Junior Lions အသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ၂၂ မိနစ်နှင့် မိနစ် ၄၀ တွင် ခန့်ဝင်းအောင်၊ ၆၆ မိနစ်နှင့် ၆၈ မိနစ်တွင် ကျော်ညီညီ၊ ၈၆ မိနစ်တွင် စိုင်းဇေယျာကျော်တို့က သွင်းယူသည်။ ၁၅ ပွဲစီကစားအပြီးတွင် Junior Lions အသင်းက ၂၄ မှတ်၊ မဟာယူနိုက်တက်အသင်းက ငါးမှတ်ရရှိထားသည်။

ပွဲစဉ်(၁၅) တတိယနေ့ကို ဩဂုတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် Dagon Port အသင်း၊ YUSC ကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-မောင်စံကြီး၊ ဓာတ်ပုံ-MNL**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၅ | ၃၀၁၀ | ၄၅၀၅ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| 95 Ron | ၂၉၉၅ | ၃၁၁၀ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၅၀ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၅ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၄၀၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၃၀ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၈၀ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၅ | ၂၈၄၀ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၃ | ၂၈၆၂ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၅၅၃ | ၂၆၃၄ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန



# ပန်းဘဲတန်းမြို့နယ် မြတ်လေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ပန်းဘဲတန်း ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မြတ်လေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြတ်လေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်စွာဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသင်း၏စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်၊ ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသားတစ်ဦးဖြစ်သူ ဒေါ်ခင်မိုးမြတ်က ဖတ်ကြားတင်သွင်းပြီး အသင်းသားတစ်ဦးဖြစ်သူ ဒေါ်သန်းသန်းစိုးက ထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူအတည်ပြုခဲ့ကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများအား အစုအပေါ်အမြတ်ငွေ ခွဲဝေပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၂-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၈-၂၀၂၅ ရက်နေ့မှ ၁၇-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**






# ကျောင်းကောင်စီက ကြီးမှူး၍ အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နတ်တလင်း ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်အထက်တန်းကျောင်းတွင် ကျောင်းကောင်စီက ကြီးမှူးကျင်းပသည့် အသင်းလိုက်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို တာပွန်မြို့ ပြည်သူ့အားကစားကွင်း၌ ဩဂုတ် ၁၁ ရက်က ပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က အနိုင်အရှုံးအဓိကမဟုတ်ဘဲ ယှဉ်ပြိုင်ခြင်းသာ အဓိကဖြစ်၍ အားကစားစိတ်ဓာတ်အပြည့်အဝခံယူကာ ယှဉ်ပြိုင်ကြရန်နှင့် ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ပြီး ထူးချွန်သောကစားသမားများ မြို့နယ်/ခရိုင်/တိုင်းဒေသကြီးအဆင့်ဆင့်မှသည် တိုင်းပြည်အတွက် ဂုဏ်ဆောင်နိုင်သောထူးချွန်သည့် အားကစားသမားများပေါ်ထွန်းရေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဖွင့်ပွဲပွဲစဉ်အဖြစ် ဘုရင့်နောင်အသင်းနှင့် ဗန္ဓုလအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ဘောလုံးပြိုင်ပွဲတွင် ဘုရင့်နောင်အသင်း၊ ဗန္ဓုလအသင်း၊ အနော်ရထာအသင်း၊ အလောင်းဘုရားအသင်းနှင့် ကျန်စစ်သားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

**❖ ကျောဖုံးမှ**

ရန်ကုန်ယူနိုက်တက်အသင်းနှင့် EZRA အသင်းသည် သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် ဂိုးမရှိသရေ၊ အချိန်ပို မိနစ် ၃၀ တွင် တစ်ဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ EZRA အသင်းက ငါးဂိုး-သုံးဂိုး၊ စုစုပေါင်း ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ကစားရသော်လည်း အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသဖြင့် AFC Challenge League နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရမည့်အခွင့်အရေး လက်လွှတ်ခဲ့ရသည်။

ယခုရာသီ AFC Challenge League ပြိုင်ပွဲတွင် မြန်မာကလပ် နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး MNL လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက နောက်ဆုံးအဆင့်မှ တိုက်ရိုက်ကစားခွင့်ရသော်လည်း ဒုတိယဆုရ ရန်ကုန်ယူနိုက်တက်အသင်းမှာမူ ခြေစစ်ပွဲအဆင့်မှ စတင်ကစားရပြီး လာအိုကလပ်ကို အရေးနိမ့်ခဲ့သဖြင့် နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ဆုံးရှုံးခဲ့သည်။ လာအိုကလပ် EZRA အသင်းသည် နိုင်ငံတကာကလပ်ပြိုင်ပွဲ နှစ်ခုတွင် မြန်မာကလပ်နှစ်သင်းနှင့် တွေ့ဆုံနေပြီး ခုနစ်ရက်အတွင်း သုံးပွဲကစားရခြင်းဖြစ်သည်။ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲတွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် တွေ့ဆုံနေပြီး ဩဂုတ် ၉ ရက်က ကစားသည့် ပထမအကျော့ အိမ်ကွင်းပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ထားကာ ဩဂုတ် ၁၅ ရက်တွင် အဝေးကွင်းပွဲအဖြစ် သုဝဏ္ဏကွင်း၌ ကစားရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - စိုးညွန့်သော်**

**✻ အာဆီယံမှ**

အုပ်စုပွဲ နှစ်ပွဲစီကစားအပြီးတွင် မြန်မာအသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ဩစတြေးလျအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့က သုံးမှတ်စီ၊ တီမောအသင်းက အမှတ်မရသေးပေ။ ပြိုင်ပွဲစည်းမျဉ်းအရ အုပ်စုတွင်း ရမှတ်တူပါက Head to Head စည်းမျဉ်းဖြင့် ဆုံးဖြတ်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးများသွားခဲ့သည်။ မြန်မာအသင်းသည် အနိုင် သို့မဟုတ် သရေကျပါက အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ခွင့်ရမည်ဖြစ်ပြီး အရေးနိမ့်လျှင်လည်း တစ်ဂိုးအကွာဖြင့် ရှုံးနိမ့်ပါက နောက်တစ်ဆင့်တက်ခွင့်ရမည်ဖြစ်သလို နှစ်ဂိုးနှင့်အထက် ဂိုးပြတ်ရှုံးနိမ့်မှသာ အုပ်စုအဆင့်မှ ထွက်ရမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပြသနေသည့် ကစားပုံနှင့် စွမ်းဆောင်ရည်ကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် အခွင့်အရေးများနေသည်။

**ဆီမီးဖိုင်နယ်တက်ရောက်**

အုပ်စု(က)ပွဲစဉ်များမှာ ဩဂုတ် ၁၂ ရက်က ပြီးဆုံးခဲ့ပြီး အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်ထားပြီးဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၆ ရက်၊ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဩဂုတ် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း - ထွဏ်းသွေးအိမ်**
**ဓာတ်ပုံ - MFF**

# သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၂ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃ သမိုင်း၊ မြေကွက်အမှတ်-၁၁/ဃ-၁၃-B + ၁၀/က-၃-၇-A-၂၊ ဧရိယာ (၀.၀၈၁) ဧက၊ မြေအမျိုးအစား - B - မြေပိုင်မြေ (အိမ်ရာမြေ)နှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၄၈/AD)၊ အေဝမ်းလမ်း (မြဝတ်ရည်လမ်းသွယ်)၊ ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အဆောက်အဦအကျိုး ခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်ပိုးအိဖြူ [၁၂/မရက (နိုင်)၁၃၉၈၇၄]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၃)လမ်း၊ အမှတ်(၈ဂ၃)မြေပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်ရင်ခွဲ RC တိုက် အဆောက်အဦ၏ ၅-လွှာ၊ အခန်းအမှတ်(A5)၊ အကျယ်အဝန်း (၁၄ပေx ၃၆ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီးအစုံအလင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်နော်ဆီမာဘီဘီ [၁၂/လမန(နိုင်)၁၂၃၈၄၈]မှ တရားဝင်လက်ရှိပိုင်ဆိုင်ထားကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကြိုတင်စနစ်ဖြင့် ကြိုတင်ငွေပေးချေခြင်းကတိပြုစာချုပ်" ဖြင့် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဆွေသန်း(LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၈၂၅၀)**
**အမှတ် (၁၈၂)၊ ရဲကျော်အောင်လမ်း၊ (၃၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၄၀၄၀၁၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၈)ရပ်ကွက်၊ အမှတ်(၂၅၉)၊ မြေတိုင်း ရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်(၂၅၉)၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ ) အကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန်းစိန် အမည်ပေါက်လျက်ရှိပြီး ဦးသန်းစိန်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ် သန်းရီထံမှ ဝယ်ယူထားသူ ဦးအောင်နေဝင်း [၁၄/ ကကန(နိုင်)၀၇၂၉၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၁၁)လမ်း၊ အမှတ်(၄၅၃/က)၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/မာန်ပြေ၊ မြေကွက်အမှတ်(၄၅၃/က)၊ အကျယ်အဝန်း(အလျား၂၀ ပေx အနံ ၆၀ ပေ )၊ အကျယ် ဧရိယာ(၁၂၀၀) စတုရန်းပေ ရှိ ဒေါ်နန်းထွေးခမ်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဒေါ်နန်းထွေးခမ်း [၁၃/လလန(နိုင်)၀၅၂၁၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရတနာလမ်း၊ အမှတ်(၅၃)၊ အကျယ်အဝန်း(၁၂ ၁/၂ x၅၀)ပေရှိ မြေညီထပ်(ခြေရင်းခန်း) တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ခင်စောဝင်း [၁၂/အစန(နိုင်)၀၉၆၆၀၀]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလေးမြတ်[၁၂/အစန(နိုင်)၀၇၅၆၀၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးလေးမြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် (LL.B, D.I.L,D.B.L, Dip in HR)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၅၀)**
**အမှတ်-၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၄၆၉၄၆၃၂၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၅)ရပ်ကွက်၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်(၁၃၁၈၊ ၁၃၁၉)ဟု ခေါ်တွင်သော အလျား(၄၀)ပေxအနံ(၆၀)ပေစီရှိသော မြေကွက်(၂)ကွက်သည် (၁) ဦးလေးမောင်(ပါမစ်အမည်ပေါက်)မြေကွက်နှင့် (၂) ဦးသောင်းထွန်း (ပါမစ်အမည်ပေါက်) မြေကွက်(၂)ကွက်အား ဦးသန်းထိုက် [၁၀/ကမရ (နိုင်) ၀၅၈၃၆၇]မှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားခြင်းဖြစ်ပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူဟိန်း [၉/မခန(နိုင်)၂၂၄၆၁၀]မှ ဝယ်ယူရန် သဘောတူညီသည့်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားခဲ့ပါသည်။ ၎င်းမြေကွက်(၂)ကွက်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက စာရွက်စာတမ်း အထောက်အထား စုံလင်စွာဖြင့် ကျွန်ုပ်ရှေ့နေထံသို့ သတင်းစာတွင်ပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်သိမ့်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၈၆/၂၇-၁-၂၀၂၁)**
**အမှတ်(၂၉၄/က)၊ ဦးအောင်ဇေယျလမ်း၊ အောင်တော်မူပန်းခြံ၊ (၈)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၅၅၇၂၅၃၀၉**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

## နတ်တလင်းမြို့နယ် တရားရုံးတော်

## ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂ နှင့် ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၆။

| | | |
|---|---|---|
| ဒေါ်သန်းသန်းနွယ် | နှင့် | ၁။ တပ်ရေးဗိုလ်ကြီး - အောင်ဖြိုးသူ<br>၂။ ဒေါ်မေဖြိုးအောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ နတ်တလင်းမြို့နယ်၊ ရွာသာကုန်းအုပ်စု၊ ရှမ်းကုန်းရွာနေ - တရားရှုံးများဖြစ်သော ၁။ တပ်ရေးဗိုလ်ကြီး- အောင်ဖြိုးသူ (ဘ)ဦးအောင်ဆန်း နှင့် ၂။ ဒေါ်မေဖြိုးအောင် (ဘ) ဦးဇော်ညွှန့်ထွေး(ခ) ဦးဇော်လေး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀ ၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၂ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သန်းသန်းနွယ် (ဘ)ဦးတင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်၊ ( ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်) (အင်္ဂါနေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးသိန်းဦး)**
**မြို့နယ်တရားသူကြီး**
**နတ်တလင်းမြို့နယ်တရားရုံး**

တရားမပုံစံအမှတ်-၃၃

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## အင်းစိန်ခရိုင်တရားရုံး

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၅

| | | |
|---|---|---|
| ဒေါ်ခိုင်မော်ဦး | နှင့် | ဒေါ်သင်းသင်းလွဲ |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ (၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ အခန်း(၁၀၄)၊ တိုက်အမှတ်(၉)နေ (ယခုနေရပ်လိပ်စာမသိ) နေ ဒေါ်သင်းသင်းလွဲ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခိုင်မော်ဦးက " တရားပြိုင်သည် တရားလိုအား (၁၅-၃-၂၀၂၃) ရက်နေ့ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ငွေပေးငွေယူကတိစာချုပ်ဖြင့် ရောင်းချထားသောတိုက်ခန်းအား လက်ရောက်ပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက်နေ့ (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက် ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၆) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောထွန်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အခြေခံ ပညာ အထက တန်းကျောင်း( မြို့မ)၊ Grade-11 တွင် ပညာသင်ကြားနေသော မသွယ်သွယ်ငြိမ်း၏ ဖခင်ဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/တကန (နိုင်)၁၂၈၃၇] ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဦးလှမျိုးထွဋ် ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက် အမှတ်၊ ၆၀၃-က၊ ဦးပိုင်အမှတ်၊ ၃၈-က/၈၄ လမ်း အနောက်ဘက်၊ ရွှေကွန်ခြာလမ်း တောင်ဘက်လမ်းရှိဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုင်းနေဇာ [၁၃/မကန(နိုင်)၀၂၅၅၁၂] က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက် ထား လာ ပါ သ ည် ။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံ တင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက် အမှတ်၊ ၆၀၃-က၊ ဦးပိုင်အမှတ်၊ ၄ခဲစင်း/စစ်ကိုင်း၊ မန္တလေးကားလမ်း အနောက်ဘက်၊ ရွှေရင်းရဲဘုရား မြောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ချိုချိုမာ [၉/မရတ (နိုင်) ၁၀၅၄၅၁] ၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၁၂၃၅/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ကျော်နိုင် [၉/ခအဇ(ပြု) ၀၀၀၂၈၆] က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများ ဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ ရပ်ကွက်၊ အကွက်အမှတ်-(ဟ-၆)၊ ဦးပိုင်အမှတ်-၈၉-ခ/၆၈x၆၉ ကြား၊ ၁၁၆x၁၁၇လမ်းကြားရှိ တပ်ကြပ်ကြီးမြဆိုင် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးစိုင်းကြိမ်ခမ်း (၎င်း၏ အခွင့်ရ ကိုယ်စားလှယ်ရသူ ဦးတင်ဝင်းမောင်)က တရားပြိုင် ဦးမြဆိုင်(၎င်း၏ SPရရှိသူ ဒေါ်စန္ဒာလွင်) အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှု အမှတ်(၉၀/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးစိုင်းကြိမ်ခမ်း၊ [၁၃/တယန(နိုင်) ၀၇၇၈၆၀]က ဂရန်စာချုပ်၊ တရားရုံးအမိန့် တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံ တင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၅)လမ်း၊ အမှတ်(၈၁၈) မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ (၅-လွှာ) ဒါဘာ-A၊ အကျယ်အဝန်း(၁၂ပေခွဲx၄၅ပေ)ရှိ နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရေးပိုင်ခွင့်/ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်တင်ဇာအောင် [၁၄/သလခ (နိုင်) ၀၀၄၀၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာထွေး (LL.B, D.B.L, D.M.L) အထက်တန်းရှေ့နေ (စဉ်-၅၂၅၇၉)**
**ဖုန်း-09-425293775**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ်- ၉၂၅/က၊ ဧရိယာ (၂၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်(၉၂၅/က)၊ ရန်ပြေ(၁၆)လမ်းအရှေ့၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိန်ဖေ [၁၂/သကတ(နိုင်)၀၃၈၁၃၁] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိန်ဖေ(ဖခင်)နှင့် ဒေါ်ခင်သိန်းသိန်း(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်ခင်မမစိန် [၁၂/သကတ(နိုင်)၀၃၈၁၆၃]၊ ဦးချစ်ကိုကို [၉/မနတ(နိုင်) ၀၆၂၁၆၃]၊ ဦးအောင်ကိုကို [၁၂/သကတ(နိုင်)၁၂၂၁၁]တို့မှ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်တို့သည် မိမိတို့(၃)ဦးတည်းကသာ အမွေဆက်ခံခွင့်ရှိသူများဖြစ်ပါကြောင်း ကျိန်ဆိုသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၁)စောင်၊ ထောက်ခံကတိသစ္စာပြုလွှာ(၁)စောင်၊ နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ မိမိတို့နေအိမ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ မြေငှားဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ပါကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ မြို့မရဲစခန်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးစိန်ဖေ (ဖခင်)နှင့် ဒေါ်ခင်သိန်းသိန်း(မိခင်)တို့၏ သေဆုံးမှုလက်မှတ်ပထမမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၁၁၂)၊ အကျယ်အဝန်း(၄၀x၆၀)ပေအကျယ်ရှိ ဦးမောင်ကြီးအမည်ပေါက် မြေချပါမစ်အမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁၂)၊ အင်းဝလမ်း၊ ၁၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းအဆိုပြုသူ ဒေါ်သန္တာလင်း [၁၂/ရကန(နိုင်)၀၆၅၄၀၀]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေး ဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော အထောက်အထားပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၅၁၄၃၈၀၂၊ ၀၉-၅၁၈၁၁၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ်(၅၂)ဟုခေါ်တွင်သော အဆောက်အဦမှ အခန်းအမှတ် (2A)၊ အကျယ်အဝန်း (၁၈x၆၀)ပေအကျယ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားပိုင်ခွင့်အရပ်ရပ် အားလုံးတို့နှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၉၀ အရ အမွေထိန်းလက်မှတ်စာရသူ ဒေါ်ခင်မျိုးဝင်းအပါအဝင် ဆိုင်ရေးဆိုင်ခွင့်ရှိသူများဖြစ်ကြောင်း အဆိုပြုဝန်ခံပြောဆိုသည့် ဦးရဲညွှန့်-ပါ(၈)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၁၈၅၊ ၀၉-၅၁၄၃၈၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြစန္ဒာ [၇/တငန(နိုင်)၀၀၂၀၄၂]သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၁၁၄)၊ ဧရိယာ (၄၀x၆၀)ပေ ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံရောင်းချလာသူ ဦးဝင်းကျော်ကျော်ဗိုလ် [၁၂/ဒဂရ(နိုင်)၀၁၀၉၅၁]ထံမှ ဆက်စပ် စာချုပ်များဖြင့် တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့် တကွ ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြစန္ဒာ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၅)**
**တိုက်(၃)၊ အခန်း(၁၀၆)၊ အရှေ့အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း -၀၉-၉၄၁၄၅၆၂၆၂၊ ၀၉-၂၆၂၆၆၂၃၉၉၊ ၀၉-၇၉၅၆၆၉၃၂၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅ (တိုးချဲ့)၊ စံပယ် (၆) လမ်း၊ မြေကွက်အမှတ်-၇၉၁၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန်၊ အကျယ်အဝန်း (၃၀ ပေ x ၅၀ ပေ) ရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ ပေx၅၀ ပေ) ရှိ ခေါင်းရင်းဘက်ခြမ်း (မြေကွက်ကိုမျက်နှာမူကြည့်လျှင် ဝဲဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေငှားဂရန်စာချုပ်တို့တွင် အမည်ပေါက်သူ ဒေါ်ကြည်ကြည် [၁၂/ဥကမ(နိုင်)၀၉၄၆၇၁]ထံမှ အရောင်းအဝယ်ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ဝယ်ထား၊ အကျိုးခံစား စီမံခန့်ခွဲခွင့်နှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစည်သူ [၁၂/ဥကမ(နိုင်)၁၈၆၉၃၆] ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေလက်ခံကြပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်ထံ ဤကြေညာချက်ပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်စေ့ရောက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသိန်းဌေး LL.B, D.B.L, D.I.L,D.M.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၃၃)**
**အမှတ်-၁၆၂၊ ပထမထပ် (ယာ)၊ ၃၅-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၀၂၆၉၄၇၂၊ ၀၉-၉၇၅၂၉၇၀၀၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ စေတနာသုခလမ်း၊ မြေကွက်အမှတ် (၅/၇ အေ - ၁)၊ (၅/၇ အေ - ၂) ပေါ်တွင်ဆောက်လုပ်ထားသော (၃) ခန်းတွဲ (၆) ထပ်တိုက်၏ တိုက်အမှတ် ( S/၇၂ )၊ တတိယထပ်၊ (၄-လွှာ)၊ အခန်းအမှတ် ( 4-C )၊ (တိုက်ရှေ့မျက်နှာမူလျှင်လက်ဝဲဘက် ခြေရင်းခန်း)၊ အကျယ် (၂၀'x ၆၀') ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂၉ - ၁ - ၂၀၀၉) ရက်စွဲပါ "ကန်ထရိုက် စနစ်ဖြင့် အဆောက်အဦဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်" အရ မြေရှင် ဒေါ်ခင်သန်းအေး(ခ)ဒေါ်အမာ [၁၂/ကမရ(နိုင်)၀၃၆၀၁၂]ခွဲဝေအကျိုးခံစားခွင့်ရရှိသော တိုက်ခန်းဖြစ်ပြီး ၎င်းထံမှ (၁၁ - ၆ - ၂၀၁၃) ရက်စွဲပါ "တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" အရ ဒေါ်ထုဆိုင် [၁၂/လမန(နိုင်)၀၁၅၅၃၀] မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းနှင့် ၎င်း၏ခင်ပွန်းအပြင် တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီး (၅)ဦးအနက် တစ်ဦးဖြစ်သူ ဒေါ်စင်သီယာ [၁၂/လမန(နိုင်)၁၃၅၄၆၈]သည် အသက် (၃၈)နှစ်အရွယ် (၁၄ - ၁ -၂၀၁၉)ရက်နေ့တွင် အိမ်ထောင်မရှိ အပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်ကြသည့် ဒေါ်ဆိုင်နူးခေါန် [၁၂/လမန(နိုင်)၁၁၄၀၄၂]၊ ဒေါ်ဆေးဗီးယား [၁၂/လမန(နိုင်)၁၁၄၃၁၀]၊ ဦးအောင်စံဖြိုး [၁၂/လမန(နိုင်)၁၄၇၆၃၉]၊ ဒေါ်သင်ဇာခင် [၁၂/လမန(နိုင်)၁၄၇၆၄၀]တို့မှ မိမိတို့ တရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအေးမင်းဇော် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)**
**အမှတ် (၅၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း - ၀၉-၄၂၁၁၀၃၈၄၅)**

## ဒေါ်စန်းစန်းမင်း (ဘ) ဦးသန်းဆောင် (၁၂/ဥကမ (နိုင်) ၀၂၈၆၅၆) နှင့် သက်ဆိုင်သူများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ကမ္ဘာအေးကွန်ဒို၊ တတိယထပ်၊ အမှတ်(၃၀၀)ရှိ ဂမုန်းပွင့်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဦးမြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည် -

လူကြီးမင်းဒေါ်စန်းစန်းမင်းသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဂမုန်းပွင့်ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး အမှုဆောင်အရာရှိချုပ် ဦးမြတ်သူနှင့် (၇-၁၀-၂၀၂၄) နေ့စွဲပါ "နှစ်ဦးသဘောတူငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်"ကိုချုပ်ဆို၍ ငွေကျပ် ၂၅,၀၀၀,၀၀၀/-(ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို လူကြီးမင်းအား ပေးအပ်ကူညီခဲ့ပြီးနောက်ပိုင်း လူကြီးမင်းသည် တရားဝင်ခွင့်တိုင်ကြားမှု မရှိဘဲ (၁၁-၁၂-၂၀၂၄)နေ့မှ (၁၇-၁၂-၂၀၂၄)ထိ ခွင့်မဲ့ပျက်ကွက်နေပြီး ယနေ့ထိတိုင်အောင် ကုမ္ပဏီသို့လာရောက်ခြင်းမရှိ ဆက်သွယ်ဆောင်ရွက်ခြင်းလဲမရှိဘဲ အကြောင်းမဲ့တမင်ပျက်ကွက်လျှက်ရှိနေသည့်အပြင် အလုပ်တာဝန်များနှင့်ငွေကြေးစာရင်းဇယားများကိုလည်း ဖြေရှင်းဆောင်ရွက်ရန် တမင်ရှောင်တိမ်းပျက်ကွက် လျှက်ရှိနေပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေ ကုမ္ပဏီသို့လာရောက်ဆက်သွယ်၍ စာရင်းရှင်းလင်းဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ခဲ့ပါက တည်ဆဲတရားဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းနှင့်သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးစိန်မင်း A.G.T.I (M.T), LL.B (စဉ်-၅၀၆၆/၁၉၈၉)**
**ဒေါ်ယုယုမော် (စဉ်-၁၀၃၈၀/၂၀၁၅) ဒေါ်ယဉ်ယဉ်အေး(စဉ်-၁၀၃၈၂/၂၀၁၅)**
**တရားလွှတ်တော်ရှေ့နေများ**
ရုံး-အခန်း(၃၀၁/၁) တိုက်(၉/၁၁) ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ် -အမှတ်-၃၃၅ ကျိုက္ကဆံလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၃၀၀၅၆၉၄၊ ၀၉- ၇၉၈၄၅၈၄၀၀

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂) သန်လျင်ခရိုင် တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄ နှင့် ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၂၉

| | | |
|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် လီမိတက် (၎င်းကိုယ်စား ဦးအေးကို၊ အတွင်းရေးမှူး) | နှင့် | မြောက်ဥက္ကလာပမြို့နယ် ဝေဟင်ထွန်းအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း (အသင်းကိုယ်စား ဦးသူရဝင်းထွန်း၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဦးထွန်းစိုး၊ ဒါရိုက်တာ) |
| **(တရားနိုင်)** | | **(တရားရှုံး)** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ မန်းကျီးတန်းလမ်း၊ အမှတ်(၄၂၄)နေ မြောက်ဥက္ကလာပမြို့နယ် ဝေဟင်ထွန်း အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း (အသင်းကိုယ်စား အုပ်ချုပ်မှု ဒါရိုက်တာ ဦးသူရဝင်းထွန်း) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်(၎င်းကိုယ်စား ဦးအေးကို၊ အတွင်းရေးမှူး)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်) နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စာမြတ်နွယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**သန်လျင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃)၊ မြေကွက်အမှတ်(၂၃၆)၊ ဧရိယာ အကျယ်အဝန်း (၀.၀၅၆)ဧက၊(၂၄၄၀)စတုရန်းပေ၊ အလျား(၄၀)ပေအနံ(၆၁)ပေ ကျယ်ဝန်းသော နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊အမှတ်(၂၃၆)ဟုခေါ်တွင်သည့် မြေကွက်နှင့် အဆောက်အဦတို့၏ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးပြည့်ဘုန်းပိုင်(ဘ)ဦးအင်သန်း[၁၂/ကမရ(နိုင်)၀၅၉၉၀၈] ထံမှ တရားဝင်ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် အဆောက်အဦးတို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များ ဖြင့်ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၆၉၅၁၀၂၉၃၀၊ ၀၉-၇၉ ၅၇၃၀၉၅၁**

## "အိမ်ခြံမြေ" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေးစော[၁၁/ပဏတ(နိုင်)၀၅၃၄၇၀] သည်"ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လှူနေရပ်ကွက်အမှတ်- (စီမံကိန်း - ၂) ၊စံပြ၊ ဗိုလ်တေဇ(၃)လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄/စီမံကိန်း-၂)၊ မြေကွက်အမှတ်(၃၂၇)၊ အိမ်အမှတ် (၃၂၇)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်၏ အကျယ်( ၆၅/၇၀ x ၇၆/၈၀ ) ပေရှိသည့်အနက်မှ (ခြေရင်းဘက်ခြမ်း)ရှိ အကျယ် (၄၀x၆၀) ပေရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး" တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော"ဦးသန်းဝင်း [၁၂/ဥကတ(နိုင်)၀၆၇၉၉၅]" ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဉ္ဇာသိန်း (LL.B) (စဉ် - ၁၄၅၉၈)　ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၂/ကံဘဲ့)၊ မြေကွက်အမှတ်(၂/က-၁-၂)အရ မြေဧရိယာ(၀.၁၇၇) ဧကရှိ အမှတ်(၆၂)၊ ကန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သော လ/န(၃-ခ) မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ယခုလက်ရှိတွင် MYANMAR TOTAL LOGISTIC LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၅၆၆၆၈၈၃၄)မှ တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ကုမ္ပဏီ၏ (၅-၈-၂၀၂၅)ရက်စွဲပါ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လွှဲအပ်ခံရသူ ဦးလှဝင်း [၁၂/ဗတထ(နိုင်)၀၂၆၀၈၁]က တာဝန်ယူရောင်းချရန် စကားကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့် နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံစာချုပ် စာတမ်းအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်သည်အထိ ဆောင်ရွက်ပြီး အမည်ပြောင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

